


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ဒုက္ခသစ္စာ၏အနက် (၄) ဝိပရိဏာမဋ္ဌော

## ဆရာ့တာဝန် ကိုယ့်တာဝန် နှင့် ဓမ္မ၏တာဝန်

(၂၀၃)

ဟောကြားသည့်နေ့

၁၀-၁၂-၅၇



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးပုံ။



ဆရာတော်ဘုရားကြီး၏ မီးမခသော မျက်လုံးတော်တစ်စုံအနက်မှ
မိုးကုတ်မြို့တွင် ကျန်ရှိနေသော မျက်လုံးတော်ပုံ



ဆရာတော်ဘုရားကြီး၏ အရိုးတော်၊ အသွေးတော်၊ အသားတော်တို့မှ
ဖြစ်ပေါ်လာသော ဓာတ်တော်များ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဒုက္ခသစ္စာ၏အနက်(၄)ဝိပရိဏာမဋ္ဌော
# ဆရာ့တာဝန်၊ ကိုယ့်တာဝန် နှင့် ဓမ္မ ၏တာဝန်

ဟောကြားသည့်နေ့
(၁၃-၁၂-၁၉၅၇)

ခွင့်ပြုချက် အမှတ် - ၂၁၇/၉၉ (၄)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒုက္ခသစ္စာ၏ အနက် (၄) ဝိပရိဏာမဋ္ဌော

## ဆရာ့တာဝန်၊ ကိုယ့်တာဝန်နှင့် ခမ္မ၏တာဝန်

ဟောကြားသည့်နေ့ (၁၀-၁၂-၅၇)

နားကတရားကို နာပါ၊ ဉာဏ်ကခန္ဓာကိုယ်အစဉ် လျှောက်ပါလို့ ဘုရားက ဟောထားတယ်၊ အဲဒါကြောင့် တရားနာနည်းသည် နားက တစ်ခါတည်း ဆရာဘုန်းကြီးပြောတဲ့ သစ္စာကို၊ ဪ. . . သစ္စာဆိုတာ တို့ယခုထိုင်နေတဲ့ တရားနာတဲ့ ခန္ဓာငါးပါးကို ဆိုနေတာကိုး ဒုက္ခသစ္စာ။ နားက သစ္စာကို ကြားမှတ်ပြီးသကာလ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခ သစ္စာကလေးတွေ၏ ဖြစ်မှုပျက်မှုကို ဂရုစိုက်နေရမယ် (မှန်ပါ)။

## တရားနာနည်းပြောင်းကြပါ

အဲဒီလို တရားနာလို့ရှိရင် **"ဒေသနာဉာဏာနုသာရေန ဉာဏံ ပေသေန္တဿ ဉာဏုတ္တရဿဟောတိ"** လို့ပါဠိကလာနေတယ်။ သို့သော်

ဒီပါဠိကို အသာထားပါ။ ဒေသနာဉာဏ်အစဉ်လျှောက်ပြီးသကာလ ဉာဏ်ရင့်ကျက်လာပါလိမ့်မယ်တဲ့။ အဲဒီဉာဏ်ရင့်ကျက်လာလို့ရှိရင် အဲဒီဉာဏ်နဲ့ ခန္ဓာကိုယ် ကြည့်လိုက်ပြီဆိုမှဖြင့်၊ ကိလေသာခြောက်ခန်းပြီးသကာလ ကိလေသာ ကုန်ပါလိမ့်မယ်လို့ ဟောထားတဲ့အတွက်၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေက တရားနာနည်းကို ပြောင်းပြီးနာပါလို့ အားလုံးသတိပေးတယ်နော် . . . (မှန်ပါ) အားလုံးသတိပေးတော့ ဒကာ ဒကာမတွေသတိရပြီလို့ ထားလိုက်ပါတော့။

အဲဒီတော့ ယနေ့ဘာဟောမတုံးလို့မေးတော့၊ သစ္စာအနက်တစ်ဆယ့်ခြောက်ချက်ရှိတဲ့အနက်က၊ ဒုက္ခသစ္စာအနက်လေးချက်မှာ စတုတ္ထမြောက်အချက်ကို ဟောလိမ့်မယ်လို့ ဒကာ ဒကာမတွေက မှတ်ထားရမယ် . . . (မှန်ပါ)။

## ဝိပရိဏာမဋ္ဌော

စတုတ္ထမြောက်အချက် ဘာပါလိမ့်မတုံးလို့မေးလို့ရှိရင်၊ ဝိပရိဏာမဋ္ဌောဆိုတာက ဖောက်ပြန်သောသဘော သတ္တိရှိတယ်လို့ ဘုရားက ဟောတော်မူပါတယ်။ ဖောက်ပြန်သောသဘော သတ္တိရှိတယ်ဆိုတာ ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့၊ စာသံနဲ့ မပြောနဲ့တော့ နားလည်အောင် ပြောရရင် လက်ရှိခန္ဓာကြီး ဖောက်ပြန်နေတာကြည့်ရမယ်. . . (မှန်ပါ)။

လက်ရှိခန္ဓာကြီးသည် ဒကာ ဒကာမတို့ သန္တာန်မှာ တရားနာရင်း မတ္တနဲ့ စိတ်အမျိုးမျိုးပြောင်းပုံ၊ ရုပ်အမျိုးမျိုးပြောင်းလဲသွားပုံ ဒါကို ဘုန်းကြီးကဟောတယ်။ စိတ်အမျိုးမျိုးပြောင်းပုံ ရုပ်အမျိုးမျိုးပြောင်းပုံ နာမ်အမျိုးမျိုးပြောင်းပုံ ဒါကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သတိထားပါ။ အဲဒီလို သတိထားပြီးသကာလ ပြောင်းတဲ့ဆီကိုဉာဏ်ရောက်သွားပြီဆိုရင်ဖြင့်၊ သြော် ဝိပရိဏာမ ဖောက်ပြန်နေတယ်ဆိုတာ တခြားလားမှတ်တယ်၊ မိမိ၏

စိတ်တစ်ခုဖြစ်ပြီး တစ်ခုချုပ်ပြီးနောက် အသစ်တစ်ခုပေါ်၊ ပေါ်တဲ့စိတ်ကလေး ဟာလည်း ပေါ်ပြီးသကာလ ပျက်စီးသွားရတယ် . . . (မှန်ပါ) ရုပ်တွေ ကြည့်လိုက် ပြန်ရင်လည်း ပူလိုက်အေးလိုက်နဲ့၊ ညောင်းလိုက် ကိုက်လိုက် ခဲလိုက်နဲ့၊ ပြောင်းလိုက်ရွှေ့လိုက် ဒါတွေ ဒကာ ဒကာမတွေ မြင်ကြရတော့၊ ဩော် ရုပ်ဘက်ကကြည့်ပြန်လည်း ဝိပရိဏာမ ဖောက်ပြန်နေပါလား၊ ဖောက် ပြန်ပျက်စီးနေတာပဲ။ နာမ်ဘက်ကကြည့်ပြန်လည်း ဖောက်ပြန်ပျက်စီးနေ တယ်လို့ ဟောတဲ့အတိုင်း၊ ဉာဏ်ကခန္ဓာကိုယ်ထဲမှာ တည့်တည့်ပြီးပေးလိုက် လို့ရှိရင်၊ တရားနာတဲ့အဆုံးမှာကိစ္စပြီးနိုင်တယ်ဆိုတာကို အားလုံး ဒကာ ဒကာမတွေ မှတ်ထားဖို့ပါပဲ . . . (မှန်ပါ)။

အဲဒီတော့ ဒါဟာငါးလုံးပြထားတာသည် ခန္ဓာငါးပါးလို့ မှတ်ရမယ်။ ခန္ဓာငါးပါးဆိုတာ ဒီကပြတော့ငါးပါးပဲ။ အခု ဒကာ ဒကာမတွေ တရားနာ နေတာကတော့ ဒီငါးပါးနဲ့ နာနေတယ်ဆိုတာ မှတ်ပါ၊ အဲဒီတော့ ဒီငါးပါးနဲ့ နာနေတော့ ဒီငါးပါးမှာရုပ်တစ်ပါး နာမ်တရားလေးပါး ဝေဒနာသညာသင်္ခါရ ဝိညာဏ် (မှန်ပါ့) ဒီလိုမှတ်ထားလိုက်တော့ ဩော်ရုပ်ကတစ်ပါး နာမ်က လေး ပါးပါလားလို့ဆိုတော့၊ နာမ်လေးပါးကိုဘုန်းကြီးက ဟောထားတယ်၊ နာမ် ဆိုတာနဂိုကတည်းက အဖြစ်တူတဲ့အတွက် နာမ်ဘက်က အပျက်တူတယ် လို့မှတ်ပါ။ တစ်ပါးပျက်ရင် အကုန်ပျက်တယ် (မှန်ပါ)၊ ရုပ်ဘက်ကလည်း ထို့နည်းအတူပဲ *အဋ္ဌကလာပ်တွေ ဒသက ကလာပ်တွေဖြစ်နေတော့ တစ်ခုပျက်ရင် အကုန်လိုက်ပျက်တာပဲ. . . (မှန်ပါ့) သို့သော်ရုပ်ပျက်တာက နှေးတယ်၊ နာမ်ပျက်တာကမြန်တယ်လို့မှတ်ပါ. . . (မှန်ပါ)။

---

* အဋ္ဌကလာပ် = ရုပ်ရှစ်ခုပေါင်းစည်းထားသည်။
ဒသက ကလာပ် = ရုပ်ဆယ်ခုပေါင်းစည်းထားသည်။

## ဝိပရိဏာမဆိုတာဘာပါလိမ့်

ကောင်းပြီ ဒါဖြင့် ဝိပရိဏာမဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ပင်ကို သဘောစွန့်တာလို့ အားလုံးမှတ်ကြပါ (မှန်ပါ့)။

ဝိပရိဏာမဆိုတာဘာပါလိမ့်. . . (ပင်ကိုသဘောစွန့်တာပါ ဘုရား) ဝိပရိဏာမ ဌေ နဂိုခန့်ခိုင်မတည်နိုင်ပဲ ယိမ်းယိုင်ပြိုကွဲပျက်စီးခြင်းမြဲသော သဘောတရားသည်လည်းကောင်း၊ ဒီရုပ်ဓမ္မမှာတော့ နဂိုခန့်ခိုင်မတည်နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲပျက်စီးခြင်းမြဲတာပဲ . . . (မှန်ပါ့) နာမ်ဓမ္မမှာလည်း ပျက်စီးခြင်း မြဲတာပဲ အဲဒါဝိပရိဏာမ လက္ခဏာ၊ ဒါဟာဝိပရိဏာမ သဘောတွေပဲ ဦးဝရဲ့ . . . (မှန်ပါ့)။

## နာမ်ဓမ္မ

နာမ်ဓမ္မမှာလည်း ဖြစ်ပြီးတော့ တစ်ခါတည်းဇရာ မရဏာကဒဏ်ချက် နဲ့ အသက်ထွက်သွားတယ်ဆိုတာ၊ ဒကာ ဒကာမတွေ နာမ်ဓမ္မကလေး တစ်ခု ပေါ်လာတယ်၊ ဇရာမရဏာဒဏ်ချက်နဲ့ အသက်ထွက်သွားတယ် ပျောက် ပျက်သွားတယ် . . . (မှန်ပါ့) ရုပ်ဓမ္မပေါ်လာလည်း ဉာဏ်မျက်လုံးနဲ့သာ ကြည့်မယ်ဆိုရင် ဇရာ မရဏာဒဏ်ချက်နဲ့ ပျောက်ပျက်သွားရတာချည်းပဲ . . . သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရုပ်ဓမ္မ

ရုပ်ဓမ္မမှာ ယခုစိုက်ကြည့်ပါ၊ ခင်ဗျားတို့ကောင်းတဲ့ရုပ်တွေ ပျောက်ရင် နာတဲ့ ကျင်တဲ့ ရုပ်တွေ ရောက်လာမှာပဲ။ အရင်ဓမ္မတွေ ဘယ်ရောက် သွားသတုံးလို့ မေးခွန်းထုတ်လို့ရှိရင် ဇရာမရဏာဒဏ်ချက်ဖြင့် ချုပ်သွားကုန်ပြီဘုရား . . . ပျောက်သွားကုန်ပြီဘုရား . . . ပျက်စီးကုန်ပြီ ဘုရားလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) ဒီအတိုင်းဆိုရမှာပဲ။ အဲဒါက ဘယ်လိုပုဂ္ဂိုလ်သမားလည်း

ဆိုတော့ ဘုန်းကြီးပြောတဲ့ ဉာဏ်နဲ့ ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ကို စိုက်စိုက်ပေးလိုက်တဲ့ အခါကျတော့မှ ဓမ္မက ပြောလာလိမ့်မယ်။ ရှင်းပလား . . . (ရှင်းပါပြီ)။

## ဓမ္မကပြောမှာပါ

ဘယ်သူကပြောမှာတုံး . . . (ဓမ္မကပြောမှာပါ) အဲဒီတော့ ဓမ္မပြောတဲ့ အခါကျလို့ရှိရင်ဖြင့်၊ ဘုန်းကြီးက ပြောတာကိုတော့ မယုံချင်နေ၊ ဓမ္မကို စိုက်ကြည့်လိုက်လို့ ဓမ္မကပြောရင်တော့ဖြင့် အားလုံး ဒကာ ဒကာမတွေ သြော် ဟုတ်ပေတယ်လို့ ဆုံးဖြတ်ချက်ချရမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်သူကပြောတာ အတည်ပြုရမှာတုံး (ဓမ္မကပြောတာ အတည်ပြု ရမှာပါ)။

## သောတာပန်တည်ချင်လို့ရှိရင်

အဲဒီတော့ ဘုရားက သောတာပန်တည်ချင်လို့ရှိရင် ဓမ္မာနုဓမ္မ ပဋိပတ္တိဆိုတာ အရေးကြီးတယ်လို့ မပြောဘူးလား . . . (ပြောပါတယ်) ဓမ္မာနု ဓမ္မပဋိပတ္တိ အရေးကြီးတယ်ဆိုတာ၊ ဒီဓမ္မအားလျော်စွာ အနုပဋိပတ္တိ အစဉ်အတိုင်း ကျင့်ပေးပါ။ ဒီဓမ္မကပြောသလိုဉာဏ်က ကြည့်ကြည့်ပေးပါ . . . (မှန်ပါ့)။ ရှင်းပလား . . . (ရှင်းပါပြီ)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ နာမ်ဓမ္မကပြောပြော၊ ရုပ်ဓမ္မကပြောပြော ဓမ္မကပြောတာကိုသာ ပဋိပတ္တိဆိုတဲ့ အတိုင်းမြင်အောင် ကြည့်ပေး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒီကဓမ္မ ဒီက ဓမ္မာနုဓမ္မပဋိပတ္တိ . . . ဦးဘတင် ရှင်းပြီလား. . . (မှန်ပါ့)။

ဒီကနာမ်တွေကဘာတုံး (ဓမ္မပါ)။ ရုပ်တွေကကော (ဓမ္မပါဘုရား) ဒီမဂ္ဂင်ငါးပါးက ဘာဆိုကြမယ်. . . (ဓမ္မာနုဓမ္မပဋိပတ္တိပါဘုရား)။

## ဉာဏ်ကမြင်အောင်ကြည့်ပါ

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတော့ ခင်ဗျားတို့က ဘုရားရှိခိုးတဲ့အထဲမှာ၊ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိလို့ ခင်ဗျားတို့က ဗုဒ္ဓံပူဇေမိဖြစ်နေကြတယ် (မှန်ပါ့) စင်စစ်ကတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ တရားက ဖောက်ပြန်ပျက်စီးတာ ပြလို့ရှိရင် ဉာဏ်ကဖောက်ပြန်ပျက်စီးတာကို မြင်အောင်ကြည့်ပါ (မှန်ပါ့ဘုရား) အဲဒါမှ ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်တယ် (မှန်ပါ့)။ ဒီက ဓမ္မ, ဒီက အနုပဋိပတ္တိ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒီဘဝမှာ သောတာပန်တည်နိုင်တယ်

အဲဒီတော့ ဘုရားရှိခိုးရုံလား၊ ဓမ္မသဘောကို ဓမ္မသဘောနဲ့ ကြည့်ပါ ဆိုတာလား . . . ? (ဓမ္မသဘောကို ဓမ္မသဘောနဲ့ ကြည့်ရမှာပါ) ဒီဓမ္မ၏ ဖောက်ပြန်ပျက်စီးနေတဲ့သဘောကို နောက်ဓမ္မက ကြည့်ပေးပါလို့ ဘုရားက ဟောတယ် (မှန်ပါ့) ဒီလိုဓမ္မာနုဓမ္မပဋိပတ္တိဖြစ်မယ်ဆိုရင်ဖြင့် ဒီဘဝမှာ သောတာပန်တည်နိုင်တယ်လို့၊ အင်္ဂုတ္တိုရ်က လေးချက်ပြတဲ့အချက်ထဲမှာ ဒါ အရေးကြီးဆုံးအချက်ပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကြီးသည် ဘယ်အချိန်မှာ ဓမ္မသဘောမပြောတဲ့ အချိန်ရှိသတုံးလို့ ကိုစိုးခ ရှာစမ်း. . . (မရှိပါဘူး) သို့သော် ခင်ဗျားတို့ မကြည့်ဘူး (မှန်ပါ့) ကိုထွန်းဦးတို့က မကြည့်ဘူး (မှန်ပါ့) ပြောတဲ့ဆီ ဉာဏ်နဲ့ သာကြည့် ဘယ်လောက်များသတုံးမေးရင် (မရေမတွက်နိုင်ပါဘူး) မရေတွက်နိုင်အောင် ပြောပြောသော်လည်း သိမှုမရေတွက်နိုင်အောင် မရှိဘူး (မှန်ပါ့) ထိုကဲ့သို့ မရှိသောကြောင့် ခင်ဗျားတို့သည် ကိလေသာချုပ်ငြိမ်းရုပ်

သိမ်းတဲ့၊ ဒုက္ခခပ်သိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို မရခြင်း၏အကြောင်း ပေါ်ပလား . . . (ပေါ်ပါပြီ) ဘာမသိမှုကြောင့်လဲ (ဓမ္မကိုမသိမှုကြောင့်ပါဘုရား)။ ဓမ္မကို ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့ အနုပဋိပတ္တိနဲ့ မကျင့်မိဘူး (မှန်ပါ) ထိုကဲ့သို့ မကျင့်မိတဲ့ အတွက် ကိုယ့်ချို့ယွင်းချက်ရှိလို့ သောတာပန် မတည်ဘူးလို့ မဆိုထိုက်ဘူး လား. . . (ဆိုထိုက်ပါတယ်)။

## ဓမ္မကဖောက်ပြန်ပျက်စီးတာတွေ့ရမယ်

ဒီဓမ္မကို နာမ်ဓမ္မကြည့်ကြည့်၊ ရုပ်ဓမ္မကြည့်ကြည့် ကြည့်လိုက်လို့ရှိရင် ဒီဓမ္မကလည်း ဖောက်ပြန်ပျက်စီးတာ တွေ့ရမှာပဲ. . . ။ ဒီဘက်ဓမ္မကကော (ဖောက်ပြန်ပျက်စီးတာပဲ) ဒါဖြင့်သူ ဖောက်ပြန်ပျက်စီးတာ၊ သူကဖောက်ပြန် ပျက်စီးတာလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) ဆိုနိုင်လို့ရှိရင်ဖြင့် ဒီဓမ္မခင်တွယ်တဲ့ တဏှာ, ဒီဓမ္မခင်တွယ်တဲ့ တဏှာလာခွင့်တောင် မရဘူး . . . (မှန်ပါ) ဒီဓမ္မကို စိုးရိမ်တဲ့သောကတွေ . . . (မလာပါဘူးဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့သည် ဘယ်အတွက်ကြောင့် ကိလေ့သာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်မရပါလိမ့်မတုံးဆိုတော့ ဩော်. . . ဓမ္မာနုဓမ္မပဋိပတ္တိလိုနေလို့ . . . (မှန်ပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဘာပေါ်ကြသတုံး. . . (ဓမ္မာနုဓမ္မပဋိပတ္တိ လိုနေလို့ပါဘုရား) အဲ . . . ခင်ဗျားတို့ အရေးအကြီးဆုံးလိုနေတာ ဒီနေ့ညထုတ်ပြောတာပဲ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီဓမ္မကတော့ သေသေချာချာကြည့်ရင်၊ ဘယ်အချိန်မဆို ဘုရားသန္တာန်ရှိတဲ့ ဓမ္မကလည်း ဖောက်ပြန်ပျက်စီးနေတာပဲ (မှန်ပါ) ပုထုဇဉ် သန္တာန်ရှိတဲ့ ဓမ္မကကော (ဖောက်ပြန်ပျက်စီးနေတာပါပဲ)။

## ဖောက်ပြန်ပျက်စီးနေတာလျော်အောင်ရှု

အဲဒါ ဖောက်ပြန်ပျက်စီးနေတာကို အနုပဿိပတ္တိဆိုတဲ့အတိုင်း လျော်အောင်မရှုမိဘူး. . . . (မှန်ပါ) ရှိတဲ့ဥစ္စာ မရှုမိတဲ့အတွက် ခင်ဗျားတို့ ဒီဓမ္မနောက်ကမကြည့်မိတော့လို့၊ ဝိပဿနာဉာဏ်နဲ့ မကြည့်မိတော့ ဘာနဲ့ ကြည့်မိသတုံးဆိုလို့ရှိရင်ဖြင့် ငါနာတယ်၊ ငါကိုက်တယ်၊ ငါခဲတယ်၊ ငါသည်ကားလို့ဆိုရင် အနာရနေပြီဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့တော့ကြည့်တယ် (မှန်ပါ)။ သမ္မာဒိဋ္ဌိနဲ့တော့ (မကြည့်မိပါဘူး) အဲဒါကြောင့် မဂ်ဖိုလ်နဲ့ ဝေးနေတယ်လို့ ဆိုလို့ရှိရင်ဖြင့် ဦးဘအုန်းတို့ ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူး)။

ဩော်. . . ဒါဖြင့် ဒို့တရားတော့ နာနေတာပဲ. . .၊ တရားနာပြီး ကျင့်ရမည့် အလုပ်ကတော့ဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ပဲ (မှန်ပါ) ကိုထွန်းကြီး . . . ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အလုပ်ကတော့ ဘာတဲ့ဗျာ. . . (ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ပါ ဘုရား) အဲဒီတော့ ဗုဒ္ဓပူဇေမိလို့ ပါးစပ်ကဆိုနေရုံနဲ့တော့ မဖြစ်ဘူးတဲ့၊ ဒီဥစ္စာဓမ္မံပူဇေမိဆိုရုံမျှနဲ့လည်း မဖြစ်သေးဘူး၊ သမထဘက်လှည့်သွားနေမယ် . . . (မှန်ပါ့) သံဃံပူဇေမိဆိုလို့ရှိရင်လည်း သံဃာနုဿတိဘက် လှည့်သွားတယ် . . . (မှန်ပါ့) ဘုရားကပူဇေမိလောက်ရည်ရွယ်ပြီးပြောတာလား . . . ဓမ္မာနုဓမ္မပဋိပတ္တိဟောတာလားလို့ မေးလို့ရှိရင် ခင်ဗျားတို့ဘယ့်နှယ်ဖြေမလဲ . . (ဓမ္မာနုဓမ္မပဋိပတ္တိ ဟောတာပါဘုရား)။

## ဒီဓမ္မကပြတာ၊ ဒီဓမ္မကကြည့်

ဒီဓမ္မကပြတဲ့အတိုင်း ဒီဓမ္မကကြည့် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ဒီဓမ္မကပြတဲ့အတိုင်းဘာပါလိမ့် (ဒီဓမ္မက ကြည့်ပေးရပါမယ်) ဒီဓမ္မကကြည့်ပေးရမည့်အလုပ်ကို ခင်ဗျားတို့က ဗုဒ္ဓံပူဇေမိလောက်သာ ပါးစပ်ကဆိုရုံ အသုံးချနေတော့ ခက်သွားတယ်. . . (မှန်ပါ့) ဝိပဿနာအလုပ်

လုပ်ပါလို့ ခိုင်းတဲ့ဥစ္စာ ဓမ္မံပူဇေမိလို့ သမထကသွားလုပ်နေတယ် . . . (မှန်ပါ့) ဗုဒ္ဓံပူဇေမိဆိုတာ သမထမကျဘူးလား . . . (ကျပါတယ်) ဓမ္မံပူဇေမိကော . . . (သမထပါဘုရား) သံဃံပူဇေမိ. . . (သမထပါ)။

အဲဒါ ခင်ဗျားတို့ ရွတ်သံ ဖတ်သံနဲ့တကွ လုပ်နေကြတာကိုက ဦးဘကြည်တို့ ကြားဖူးချင်ကြားဖူးပါလိမ့်မယ်နော်. . . (မှန်ပါ) အခုပြောတဲ့ ဓမ္မအားလျော်စွာ ဒီဓမ္မကကြည့်ပေးပါ။ ဒီဓမ္မကအပျက်ဆိုရင် ဒီဓမ္မက အပျက်ရှု။ ဒီဓမ္မက အဖြစ်ဆိုရင် ဒီဓမ္မကဘာတုံး (အဖြစ်ရှုပါမယ်)။ ဒါဖြင့် ဒီတရားနဲ့ ဒီတရားမလျော်ဘူးလား. . . (လျော်ပါတယ်)။ အပျက်ကို အပျက်သိ, အဖြစ်ကို အဖြစ်သိ, မုန်းစရာပြ မုန်းစရာသိ, အသုဘပြ အသုဘသိပေ့ါဗျာ . . . (မှန်ပါ) ဒုက္ခသစ္စာမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ အသိမှန်ဖြစ်ရင် မဂ္ဂင်ပေ့ါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဩော်. . . ဒီကစပြီးလည်နေတာကိုဆိုတဲ့ အဓိပ္ပါယ်ပေါ်ပလား . . . (ပေါ်ပါပြီ)။

## သောတာပန်တည်ခြင်းအကြောင်း

ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ တစ်လုံးဟာ ဒကာ ဒကာမတို့ သောတာပန် တည်ခြင်းအကြောင်းမှာ စတုတ္ထမြောက်အချက်ပါပဲ (မှန်ပါ) ကလျာဏမိတ္တ ဆိုတဲ့ သူတော်ကောင်းနဲ့ပေါင်း, နှလုံးသွင်းကောင်း, ဓမ္မာနု ဓမ္မပဋိပတ္တိ ကောင်းလို့ရှိရင် သောတာပန်တည်နိုင်တယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ် ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါကိုလိုရင်းမရောက်ဘဲဖြစ်နေတတ်တယ်။ ဗုဒ္ဓံပူဇေမိ ဓမ္မံပူဇေမိ သံဃံပူဇေမိလို့ ပါးစပ်က ဆိုရုံလေးဆိုတော့ သမထလောက်ဖြစ်နေတယ်။ ဒီမှာပြထားတာက ဓမ္မာနုဓမ္မပဋိပတ္တိဆို**တာ ဝိပဿ**နာကိုပြထားတာ (မှန်ပါ့)။

ခင်ဗျားတို့ကဘာလုပ်နေကြသတုံး (သမထလုပ်နေကြပါတယ်)။ ဟာ. . . ဒါဖြင့် လိုရင်းလမ်းကြောင်း ဆိုက်မဆိုက် (မဆိုက်ပါဘုရား)။

ဒီတော့ ဒကာ ဒကာမတွေက ဩော်. . . တရားအားလျော်စွာ ကျင့်ရမယ်ဆိုတာ ဒို့ကမကျင့်မိဘူးလို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကျင့်ဖို့လုပ်ရမယ့်ဥစ္စာ ပုဗ္ဗဘာဂလောက်လုပ်နေလို့တော့ မဖြစ်သေးဘူး (မှန်ပါ) ပုဗ္ဗဘာဂလုပ်ရင် သမထ, ကျင့်မှု အလုပ်လုပ်ရင် ဝိပဿနာ (မှန်ပါ့)။

ကဲ. . . ပုဗ္ဗဘာဂနဲ့ ပဋိပတ္တိအလုပ်နဲ့မကွာဘူးလား (ကွာပါတယ်) သူက ပဋိပတ္တိအလုပ်။ ပဋိပတ်ဆိုတာ အကျင့်မဟုတ်လား (မှန်ပါ) ဣမာယဓမ္မာနုဓမ္မပဋိပတ္တိသူက ဓမ္မအကျင့်ပဲ သူက ဓမ္မပဋိပတ္တိ။ တရားကို ကျင့်ရမည့် အလုပ်ကိုမပြလား . . . (ပြပါတယ်)။

## တရားနဲ့လျော်အောင်ကျင့်ပေးရမယ်

အဲဒီကဲ့သို့ပြတော့ ရုပ်နာမ်အပေါ်မှာ မင်းတို့သည် ပဋိပတ္တိလုပ်ပါတဲ့။ ကျင့်စဉ်လုပ်ပါတဲ့ (မှန်ပါ့) ဘယ်လိုကျင့်စဉ်တုံးဆိုတော့ ဓမ္မာနုတဲ့-ဒီတရားနဲ့ လျော်အောင်ကျင့်ပေးရမယ်၊ ဒီတရားက ဖြစ်ပျက်ပြောရင် သူကဖြစ်ပျက်သိပေး (မှန်ပါ) ဒီတရားက အပျက်ပြရင် (အပျက်သိပေးရပါတယ်) ဒီတရားက မုန်းစရာပြရင် (မုန်းစရာ သိပေးရပါတယ်)။ မုန်းစရာသိပေးဆိုတော့ သူနဲ့လျော်အောင်သိပေးပါ။ ကဲ ဦးဘလေး ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ၊ ဩော် . . . ဘယ်အတွက်ကြောင့် အပါယ်တံခါးပိတ်ပြီး သောတာပန်စခန်းကို မတက်လှမ်းနိုင်ပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် ဝိပဿနာမလုပ်ခဲ့လို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်) ရှင်းပလား (ရှင်းပါပြီ) သမထ မလုပ်ဘဲ ဝိပဿနာသာ

လုပ်လိုက်မယ်ဆိုလို့ရှိရင် ဦးဘကြည် ဒါဟာ ပြီးဖို့အလုပ်ပေါ့ဗျာ (မှန်ပါ့)။

ကောင်းပြီ ဒါက ကြားဖြတ်ပြီးသကာလ ခင်ဗျားတို့ ဗဟုသုတရှိပြီး လွဲနေတာကို ပြင်ပေးရုံမျှလို့ မှတ်ကြစမ်းပါ. . . နော် (မှန်ပါ့)။

ကဲ . . . ဒါဖြင့် ဒီနေ့ ဒုက္ခသစ္စာ၏ စတုတ္ထအချက်ကို ခင်ဗျားတို့ ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ ခင်ဗျားတို့ကြည့်ပေးလို့ သစ္စဉာဏ်မဖြစ်ပေဘူးလား ဖြစ်မလား. . . (ဖြစ်ပါတယ်) သစ္စဉာဏ်ဖြစ်လို့ရှိရင်ကိစ္စ ဉာဏ်နောက်ကလိုက်ရမယ်၊ ကိစ္စဉာဏ်လိုက်ပြီးလို့ရှိရင် ကတဉာဏ်ဆိုတာ ဒီစဉ်အတိုင်းသွားရမယ် မဟုတ်လား. . . (မှန်ပါ) ကဲ. . . သစ္စဉာဏ်ကို ရှေးဦးစွာ ပြပါ့မယ်. . . ။

ဝိပရိဏာမဋ္ဌော သူ့အထဲမှာ ဝိပရိဏာမဋ္ဌောရှိနေတယ် စာလိုပြောတော့ (မှန်ပါ)။ ကျုပ်ဖောက်ပြန် ပျက်စီးနေတယ်။ ခန္ဓာငါးပါးဟာ ဒကာ ဒကာမတို့ ဘာဖြစ်နေသတုံး (ဖောက်ပြန်ပျက်စီးနေပါတယ်)။

## သူ့ပင်ကိုသဘော

ဒါသည် ဘယ်သူ့သဘောတုံးမေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သူ့ပင်ကိုသဘော။ သဘောကျပလား (ကျပါပြီ)။ ဘယ်သူလုပ်ထားတာတုံး။ သူ့ပင်ကိုသဘောပဲလားလို့ မေးလို့ရှိရင်ဖြင့် ဘယ်သူမှ ပြုပြင်ထားတာမဟုတ်ဘူး။ သူ့ပင်ကိုသဘော (မှန်ပါ့)။

ဖောက်ပြန်ပျက်စီးရမယ်လို့ ဘာကပြသတုံး သူက . . . (ပင်ကိုသဘောပါ) ဖောက်ပြန်ပျက်စီးပြီးပြတယ် (မှန်ပါ)၊

ဩော်. . . ဖောက်ပြန်ပျက်စီးတာ ဘာဖြစ်လို့သူက မှန်မှန်ကန်ကန် ပြပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် **"ဝိပရိဏာမဋ္ဌော ဇရာယ မရဏေနစာတိ ဒွိဓာ ဝိပရိဏာ မေတဗ္ဗတာ"**လို့ ပြထားတဲ့အတွက် ဇရာယစ-ဆွေးမြေ့ယိုယွင်းအိုမင်းသောတရား နှိပ်စက်သောကြောင့်လည်းကောင်း၊ မရဏေနစ-

သေကျေပျက်ဆုံးအောင် ဖျက်စီးတတ်သော တရားပါလာသောကြောင့် လည်းကောင်း. . . ဇရာမရဏ ယူဆောင်လာတယ်ပြောတာပါပဲ (မှန်ပါ)။

သူယူလာတဲ့ ခန္ဓာငါးပါးဟာ ဒကာ ဒကာမ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေနေလိုက်တယ်၊ ခန္ဓာငါးပါးဟာဖြစ်ဆို ဦးဘကြည်တို့ ကမ္မပစ္စယောကြောင့် ဝိပါကမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား) ဘာကလေးဖြစ်သတုံးဆိုတော့ ခန္ဓာငါးပါးဖြစ်တယ်၊ ရှင်းပြီနော် (မှန်ပါဘုရား)။

## သူသည်ဘာကိုယူဆောင်လာသတုံး

အတိတ်အကြောင်းကြောင့် ခန္ဓာငါးပါးဖြစ်တယ်၊ ကောင်းပြီ၊ အမိဝမ်းခေါင်းထဲရောက်တယ်၊ ကျုပ်တို့ကံပစ်ချလို့ရောက်တယ်လို့ ဆိုကြပါစို့ (မှန်ပါ) အဲဒီကံပစ်ချလို့ရောက်တဲ့ အထဲမှာ သူသည် ဘာကိုယူဆောင်လာသတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်) လိုတော့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့ (မှန်ပါ)၊ ဩော် သူဟာဇရာနဲ့ မရဏ ယူဆောင်လာတယ်လို့ မှတ်လိုက်တာပေါ့ (မှန်ပါ)။

## ဇရာနဲ့မရဏ

ခန္ဓာငါးပါးသည် ဘာတွေယူဆောင်လာပြီးသကာလ ပဋိသန္ဓေနေပါလိမ့်မတုံး. . . (ဇရာနဲ့မရဏပါဘုရား)။ အဲဒါကြောင့် **"ဝိပရိဏာမဋ္ဌော ဇရာယ မရဏေနစာတိ ဒွိစာ ဝိပရိဏာမေတဗ္ဗတာ"** ဇရာနဲ့ မရဏ ယူဆောင်တယ်ပြောတာ၊ ကဲ. . . ဇရာယူဆောင်လာတယ်ဆိုတော့ ဇရာက နှိပ်စက်မှာပဲ မရဏက ပျောက်အောင်လုပ်မှာပဲ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဇရာက ဘာလုပ်မယ် . . . (နှိပ်စက်ပါမယ်)၊ မရဏက ဘာတုံး. . . (ပျောက်အောင်လုပ်ပါမယ်) ပျောက်အောင်လုပ်မယ်ဆိုတော့ ဒီတရားကလေး ဟာ၊ ဩော် . . . ဘယ်သူ့ဖျက်လို့ သူပျက်ရှာပါလိမ့်မတုံးလို့ မေးဖို့လိုသေး သလား . . . (မလိုပါဘူး) သူယူလာတဲ့ မရဏ ဖျက်လို့ပျက်တယ် (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေက ဒါဟာ ပရမတ်သဘောဖြစ်နေပါတယ် ဘုရား၊ ဥပမာနဲ့ ရှင်းပါဦးလို့ ဒကာ ဒကာမတွေက ဘုန်းကြီးကို တောင်းပန် ဖို့ရာ ဝတ္တရားရှိတဲ့အတွက် အဲဒါမစောင့်ဘဲနဲ့ ဥပမာပြလိုက်ပါမယ်. . .၊ ဥပမာပြ လိုက်တော့ အင်မတန်ရှင်းပါတယ်၊ မှိုအုန်းနက်ဆိုတာ အားလုံး သိကြပါတယ်၊ ၎င်းမှိုသည် မြေထဲကထွက်ခဲ့ရတဲ့အတွက် မြေမှုန်သူ့ထိပ်မှာ မပါဘူးလို့ငြင်းစရာမလိုဘူး၊ လိုသေးသလား (မလိုပါဘူး)။ ဦးဘအုန်း လိုသေး သလား. . . (မလိုပါဘူး) ဘာဖြစ်လို့တုံး . . . မြေထဲကထွက်တယ် . . . (မှန်ပါ) မြေထဲကထွက်ခဲ့ရတဲ့အတွက် မြေမှုန်ကို ရွက်ပြီးတော့ တက်ခဲ့ရတယ် (မှန်ပါ)။

ဒကာ ဒကာမတို့ ဘယ်သူ့ရွက်ပြီးတက်ခဲ့ရသတုံး . . . (မြေမှုန်ရွက်ပြီး တက်ခဲ့ရပါတယ်)။ မြေမှုန်ရွက်ပြီးတော့ တက်ခဲ့ရတယ်၊ ထို့အတူပဲ ကျုပ်တို့ ခန္ဓာကိုယ်ဟာလည်း အမိဝမ်းခေါင်ထဲက ထွက်ကတည်းက ဇရာ မရဏရွက်ပြီး ထွက်လာတယ် (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဦးဘကြည် ဘာရွက်လာသတုံး . . . (ဇရာ မရဏ ရွက်ပြီးထွက်လာ ပါတယ်)။

## သူ့လက်နက်နဲ့သူအသက်ထွက်ရတာ

ဒါဖြင့် ရူပက္ခန္ဓာနဲ့ ဒါရွက်ပြီးလာခဲ့တာပဲ၊ မှိုပေါက်သလိုပဲ (မှန်ပါ) နာမက္ခန္ဓာလေးပါးကတော့ ထိုနည်းအတူပဲ၊ ဒီဟာ ရွက်ပြီးသကာလ ထွက်လာ

ခဲ့တော့၊ ဩော် သက်ဆိုးရှည်မှာလားလို့ မေးနေဖို့လိုသေးသလား (မလိုပါဘူး)။ ဟ. . . ဘယ်လက်နက်နဲ့ အသက်ထွက်မှာတုံး . . .၊ ဒီရုပ်ခန္ဓာကလေးတွေ ပျက်စီးမှာတုံးလို့ မေးလို့ရှိရင်ဖြင့်၊ သူယူလာတဲ့ လက်နက်နဲ့ သူအသက်ထွက်ရမှာပဲ (မှန်ပါ)။ မဆိုထိုက်ဘူးလား ဒကာ ဒကာမတို့ . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ်သူနဲ့ အသက်ထွက်မယ်. . . (သူယူလာတဲ့ လက်နက်နဲ့ သူအသက်ထွက်မှာပါ)။

သူယူလာတဲ့ လက်နက်နဲ့ သူအသက်ထွက်မယ်ဆိုတော့၊ ဩော် ကျုပ်တို့သည်ကားဆိုလို့ရှိရင် လူဖြစ်ရပါလို၏ဆိုတော့ ဇရာ မရဏက ငါခေါင်းပေါ်ကလိုက်ခဲ့ဦးမယ်ဆိုတာ ကေန်ပါတယ် (မှန်ပါ) နတ်ဖြစ်ရပါလို၏ ဆိုရင်ကော (ဇရာ မရဏပါပါတယ်) ဇရာ မရဏ ကေန်မပါဘူးလား . . . (ပါပါတယ်) ဗြဟ္မာဖြစ်ရပါလို၏ဆိုရင်ကောဗျာ . . . (ဇရာ မရဏ ကေန်ပါ ပါတယ်) ဇရာ မရဏ ကေန်ယူဆောင်ပြီးသကာလ တက်လာရတယ်ဆိုတာ ငြင်းနေဖို့လိုသေးသလား . . . (မလိုပါဘူး)။

အဲဒါကြောင့် မသိသေးတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့်၊ ဩော်. . . လူဖြစ်ရတာသည်ကားလို့ဆိုရင် လူကောင်း နတ်ကောင်း ဖြစ်ရတာတော်သေးရဲ့၊ အဲဒါက တဏှာနဲ့ကြည့်တာ (မှန်ပါ) သစ္စာနဲ့ ဟောလိုက်လို့ရှိရင်ဖြင့် ခန္ဓာငါးပါးဟာ ဒုက္ခရောက်ဖို့ဖြစ်လာတာ . . . (မှန်ပါ)၊ ဇရာ မရဏ၏ ဒဏ်ချက်နဲ့ အသက်ထွက်မလို့ ဖြစ်ပေါ်လာတာ (မှန်ပါ) ခင်ဗျားတို့က အသက်ထွက်ဖို့ရာ ဆုတောင်းထားတာ၊ ဆုတောင်းတဲ့အတွက် ဇရာ မရဏကလည်း ဦးဘကြည်တို့ ဦးခင်မောင်တို့ မပါပါနဲ့ဆိုလို့ကော . . . (မရပါဘူး) မရတော့ ဩော်. . . ဒီဥစ္စာက သစ္စာသိလို့ခေါ်တယ် (မှန်ပါ)။

ဝိပရိဏာမဋ္ဌဖြစ်အောင် ဇရာ မရဏကိုယူဆောင်လာလို့ ခန္ဓာငါးပါးဟာ ဝိပရိဏာမပဲဖြစ်ရတယ် (မှန်ပါ) သဘောကျပလား (မှန်ပါ)။

## အသားအရေတွေဘယ့်နှယ်များဖြစ်ကုန်ပါလိမ့်

ခန္ဓာငါးပါး ဝိပရိဏာမ ဖောက်ပြန်ပျက်စီးရတာသည်၊ ဘယ်ပုဂ္ဂိုလ် ကြည့်လိုက်ပြန်လို့ရှိရင်လည်း အရင်ရုပ်တွေ အရင်နာမ်တွေ ပျောက်ပြီးနောက် ရုပ် နောက်နာမ်နဲ့၊ တခြားသောပုဂ္ဂိုလ်ကြည့်လိုက်ပြန်လည်း နောက်ရုပ် နောက်နာမ်နဲ့၊ ဒါဟာဝိပဿနာဉာဏ်နဲ့တောင်မဟုတ်သေးဘူး၊အကြမ်းကြည့် တာနဲ့တောင်ပဲ နောက်ရုပ်နောက်နာမ်မထင်ရှားဘူးလား (ထင်ရှားပါတယ်) ခင်ဗျား ဘယ့်နှယ်ဖြစ်သတုံး . . . အရင်အသားအရေအတွေနဲ့ဟာ ဘယ့်နှယ် များဖြစ်ကုန်ပါလိမ့်မတုံး . . .၊ အို ဒီလို ဒီလိုပဲဗျာ ဘာဖြစ်သွားလို့ ညာဖြစ်သွား လို့ဆိုတာ ခင်ဗျားတို့ ထုချေလွှာမပေးရဘူးလား . . . (ပေးရပါတယ်)။ အဲဒီတော့သူက ဖောက်ပြန်ပျက်စီးနေတာ မသေချာဘူးလား. . . (သေချာ ပါတယ်) အဲဒါက သမုတိသစ္စာနဲ့ ဖောက်ပြန်တာ (မှန်ပါ) ပရမတ္ထသစ္စာနဲ့ ကြည့်လိုက်တော့ အထင်းကြီး . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဝိပဿနာဉာဏ်သက်ဝင်ပြီးကြည့်လိုက်တဲ့အခါကျတော့ (အထင်း ကြီးပါဘုရား) ဘယ်သူ့ဒဏ်ချက်နဲ့ ရူပက္ခန္ဓာပျက်ရတယ် နာမက္ခန္ဓာပျက် ရတယ်ဆိုတာ ခင်ဗျားတို့ လက်သည်ပေါ်ပြီ (မှန်ပါ) ဘယ်သူပေါ်သတုံး . . . (ဇရာ မရဏပါဘုရား) အဲ ဇရာ မရဏ ဒဏ်ချက်နဲ့ အသက်ထွက်သွားရတယ် ဆိုတော့၊ ဒီခန္ဓာငါးပါးသည် ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတော့၊ ဝိပရိဏာ မဋ္ဌသဘောဖောက်ပြန်ပျက်စီးတဲ့သဘောဟာ သူ့ဟာသူ အလိုလိုဖောက်ပြန် တာလား၊ ဖောက်ပြန်တဲ့သဘောနဲ့ကိုပဲ တွဲလာတာလားသာ မေးလိုက် (ဖောက်ပြန်တဲ့သဘောနဲ့ တွဲလာတာပါ) ရှင်းကြပလား ဒကာ ဒကာမတို့ (ရှင်းပါပြီ)။

## ခန္ဓာကြီးဟာ ဘာနဲ့မွေးဖွားလာသတုံး

ခန္ဓာကိုယ်ကြီးဟာ ဘာနဲ့တွဲပြီးသကာလ မွေးဖွားလာသတုံး (ဖောက်ပြန်ပျက်စီးတဲ့သဘောနဲ့ တွဲပြီးမွေးဖွားလာပါတယ်)။

ဖောက်ပြန်တဲ့ သဘောကလည်း သူများယူလာတာလား သူယူလာတာလားဆိုတာ မေးပါဦး . . . (သူယူလာတာပါဘုရား)။

ဩော်. . . ဒါဖြင့် ခန္ဓာရတဲ့ပုဂ္ဂိုလ်ဆိုရင် ဒါပါမှာချည်းပဲ (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ) ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ ဇရာ မရဏမပါတဲ့ခန္ဓာကြီးဖြစ်ချင်တယ်. . . ကိုထွန်းကြီး ပြည့်ပဲ့မလား ဒီဆုတောင်း. . . (မပြည့်ပါဘူး) ဦးဘကြည်တို့ကော ပြည့်ပဲ့မလား (မပြည့်ပါဘူး) မပြည့်နိုင်ဘူးဆိုတာ ဦးဘကြည်တို့ ရိပ်မိရောပေါ့ဗျာ . . . (မှန်ပါ)။

ဇရာ မရဏဆိုတာ ဘုန်းကြီးက ဖျက်ဆီးတတ်တဲ့တရားလို့ အမြဲဟောပြောတယ်၊ အသားထဲကလောက်ထွက်တယ် ဆိုလိုတာပေါ့ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

ဇရာ မရဏဆိုတာ ခင်ဗျားတို့ပညတ်ခွဲပြီးတော့ ဟောနေတယ်၊ ခန္ဓာငါးပါးက အနှိပ်စက်ခံသမားပါ၊ ဇရာ မရဏကဖျက်ဆီးသမားဆိုတာ ပညတ်ပြန်ပြောတာပါ၊ စင်စစ်အသားထဲက လောက်ထွက်တာ (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## ခန္ဓာထဲမှာပါနေတာ

အသားထဲက လောက်ထွက်တာဆိုသဖြင့် ဩော် ဒီအသားနဲ့ ဒီလောက်နဲ့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် မကွေမကွာဘဲနဲ့ ပျက်စီးဖို့ပဲ . . . (မှန်ပါ) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

အဲဒီတော့ ခန္ဓာငါးပါးကို ဘုရားက ဇရာဓမ္မောမို ဇရံ အနတီတောတိ- အဘိဏှသုတ်ကလည်း လာသကိုးဗျ (မှန်ပါ) မရဏဓမ္မောမို မရဏံ

အနတ္တီတောတိ-ဆိုတာ ပညတ်ပြန်ဟောတာ (မှန်ပါ) စင်စစ်တော့သူက သူကသီးသန့်လား ဒီခန္ဓာထဲမှာပါနေတာလားသာ တွက်လိုက် (ဒီအထဲပါနေပါတယ်ဘုရား) ရိပ်မိကြပါပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ရတဲ့ ခန္ဓာငါးပါးကို အကောင်းရ အဆိုးရဝေဖန်လိုက်တော့ ဘာတုံး . . . (အဆိုးရပါဘုရား) အဲဒီတော့ ခန္ဓာငါးပါးသည် ဝိပရိဏာမသဘောသတ္တိရှိတယ်၊ ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စံဆိုတဲ့ဥစ္စာ မကိုက်သေးဘူးလား . . . (ကိုက်ပါတယ်)။

## သစ္စာတရားနာမှသာကိစ္စပြီးမယ်

အဲဒီတော့ ဒီသစ္စာတရားကို နာရမှသာလျှင် ဦးဘကြည်တို့ ကိစ္စပြီးမယ်ဆိုတာကော ခင်ဗျားတို့ယုံရောပေါ့. . . (ယုံပါတယ်ဘုရား) ဘာဖြစ်လို့တုံး အတွင်းသားတွေနဲ့တကွ အလုံးစုံသူ့မှာ သူရတဲ့ပုဂ္ဂိုလ်အပေါင်း ဘယ်ပုဂ္ဂိုလ် ဘုန်းကြီးတယ်၊ တန်ခိုးကြီးတယ်ဆိုငြားသော်လည်း ဇရာ မရဏ ယူဆောင်လာတဲ့ ပုဂ္ဂိုလ်ချည်းဖြစ်လာသောကြောင့် ဘုန်းတန်ခိုးတွေဟာ အကုန်ဆုံးရှုံးမှာချည်းပဲ (မှန်ပါ)။

ဆုံးရှုံးစရာ ဘယ်အထဲမှာ ပါလာတာတုံးမေးတော့မှ ကိုယ်ယူလာတဲ့ ခန္ဓာငါးပါး ကိုယ်ဆုတောင်းထားတဲ့ ခန္ဓာငါးပါး ကိုယ်နှစ်သက်နေတဲ့ ခန္ဓာငါးပါးထဲမှာကိုပါနေတယ် (မှန်ပါ) တစ်ပါးသောတရားကလာထည့်တာလား . . . သူ့ဟာသူ အပြည့်အစုံဖြစ်လာတာလား . . . (သူ့ဟာသူ အပြည့်အစုံဖြစ်လာတာပါ) သဘောကျပလား (ကျပါပြီ)။

## ခန္ဓာသည်ဆင်းရဲတာအမှန်

ဒါဖြင့် ဒီဥစ္စာမျိုး သိရတော့ ဩော် ဒီခန္ဓာဖြင့် ဆင်းရဲတာအမှန်ပဲ . . . ၊ ဝေဒနာက္ခန္ဓာကြည့်လိုက်ပြန်လည်း ဆင်းရဲတာ အမှန်၊ ခန္ဓာငါးပါးစလုံး

ဦးဘကြည် ကြည့်လိုက်တာပေါ့၊ ကြည့်လိုက်တော့ ဆင်းရဲတာ အမှန်မှတစ်ပါး ဘာတွေ့သေးသတုံး (မတွေ့ပါဘူးဘုရား) ဆင်းရဲတာအမှန်သာ ကေန်အစစ် ရှိတယ်ဆိုတာ ဆုံးဖြတ်ချက် မချနိုင်ဘူးလား . . . (ချနိုင်ပါတယ်)။

ကောင်းပြီ ဒါဖြင့် ဆင်းရဲတာ အမှန်ကေန် အစစ်ရှိပြီးသကာလနေသော ကြောင့်၊ ဘုရားအဆူဆူသည် ဘာရာဟဝေ ပဥ္စက္ခန္ဓာ ဒီခန္ဓာကြီးကို လွယ်နေ တာ အင်မတန် ဝန်လေးလှချည်ရဲ့ မြတ်စွာဘုရားတိုင်း ခန္ဓာစွန့်တော်မူတယ် (မှန်ပါ)၊ မစွန့်ဘူးလား စွန့်သလား (စွန့်ပါတယ်)။

## ဘယ့်နှယ်ကြောင့်ခန္ဓာစွန့်ချင်တဲ့စိတ်ပေါ်ပါလိမ့်

ဘယ့်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီးတွေ ခန္ဓာစွန့်ချင်တဲ့စိတ်ပေါ် ပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့်၊ ဒီအထဲမှာ ဝိပရိဏာမတွေက ဖောက်ပြန်ပျက်စီးပြီး သတ်မည့် ဖြတ်မည့်တရားနဲ့ အပြည့်အစုံတွဲတွဲ တွဲတွဲပြီးသကာလ မလာဘူး လား . . . (လာပါတယ်) လာတော့ ဉာဏ်ကြီးရတဲ့ပုဂ္ဂိုလ်က . . . ၊ ဉာဏ်ကြီး ဆိုတာ ခင်ဗျားတို့လည်း ခင်ဗျားတို့နဲ့ တန်တာ ရနိုင်တာပဲ၊ ဝိပဿနာဉာဏ်က နေပြီး သကာလ သစ္စဉာဏ်ကိုသာ ကူးတက်ရနိုင်တယ် (မှန်ပါ) မရဘူးလား (ရပါတယ်)။ ဝိပဿနာဉာဏ် ရှေးဦးစွာလုပ်လုပ်ပြီး သစ္စဉာဏ်ကိုသာကူး၊ မင်ကိုက်လို့ရှိရင် ဩော် . . . ဘယ်သူဖျက်လို့မှ ပျက်တာ မဟုတ်ပါလား . . . သူယူလာတာနဲ့ သူပျက်တာပါလား . . . အစရှိသည်နဲ့ ဒကာ ဒကာမတွေ ကောင်းကောင်းကြီး ဆုံးဖြတ်ချက် မချနိုင်ဘူးလား (ချနိုင်ပါတယ်) ချနိုင်ရင် သစ္စဉာဏ် (မှန်ပါ)။

## သစ္စဉာဏ်

ဆုံးဖြတ်ချက်ချနိုင်ရင် ဘာဉာဏ်ပါလိမ့် . . . (သစ္စဉာဏ်ပါ) သစ္စာ သိတဲ့ဉာဏ်၊ ဝိပရိဏာမလက္ခဏာ သူ့ထဲမှာ အပြည့်အစုံပါတယ်၊ ဒါကြောင့်

သူ့ဒုက္ခရောက်ရောက်သွားတာ (မှန်ပါ) ပျက်စီးခြင်း ဒုက္ခနဲ့ ကြုံကြုံသွားတယ်၊ အဲဒီကြုံကြုံသွားတာကို မြင်တိုင်း မြင်တိုင်း မြင်တဲ့ဉာဏ်ကို ခင်ဗျားတို့က ဘာဉာဏ်ခေါ်ကြမလဲ (သစ္စဉာဏ်ပါဘုရား)။

ကောင်းပြီ သစ္စာတော့ သိပါပြီဘုရား . . . ကိစ္စဉာဏ်ကလေး တစ်ခု တက်ပေးပါဦး . . . ဒါဟာဒုက္ခသစ္စာလို့ သိရင် သစ္စဉာဏ် သဘောကျပလား . . . (မှန်ပါ) ဒီအထဲမှာ ဇရာ မရဏဖျက်လို့ အသက်ထွက်တယ်လို့သိရင် ကတဉာဏ် ရိပ်မိပလား (မှန်ပါ)။

## ကိစ္စဉာဏ်

ဒါ ဒုက္ခသစ္စာပဲလို့ သိနေရင် ဘာဉာဏ်ခေါ်ကြမလဲ . . . (သစ္စဉာဏ် ပါ) ဒီထဲမှာ ခဏတောင် သူဟာနေနိုင်တဲ့ တရားမဟုတ်ဘူး၊ ခဏဖြစ်ပြီး ခဏနဲ့ ပျက်စီးပြီးသကာလ သွားမည့်ကိစ္စပဲ၊ ဘာ့ကြောင့်တုံး ဇရာ မရဏယူလာတယ်၊ ဝေဒနာကလည်း ယူတာပဲ၊ သညာကလည်း ယူတာပဲ၊ သင်္ခါရကလည်းယူ တယ်၊ ရူပက္ခန္ဓာကကော (ယူပါတယ်) ယူလာတော့ သူတို့ဟာ ဉာဏ်အောက် တွင်ပဲ ပျောက်ပျောက်သွားတာ မြင်လိုက်လို့ရှိရင်ဖြင့် ခုနင်ကပြောတဲ့ ဝိပရိဏာမကိစ္စကို မမြင်ဘူးလား (မြင်ပါတယ်)၊ ဝိပရိဏာမသွား မြင်တော့ ဒီဉာဏ်ဟာ သစ္စာသိတဲ့ဉာဏ်လား. . . ဖောက်ပြန်ပျက်စီးခြင်းကိစ္စ ကို သိတဲ့ဉာဏ်လားလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေမလဲ (ဖောက်ပြန်ပျက်စီးခြင်း ကိစ္စကိုသိတဲ့ဉာဏ်ပါဘုရား)။

## ကတဉာဏ်

ဒါဖြင့် ကိစ္စဉာဏ်ပြီးတော့ မဂ်ရဖို့ဆိုတဲ့ဉစ္စာ ကတဉာဏ်ဆိုတာက မဂ်ရ တာပဲ . . . ၊ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ကိစ္စဉာဏ် ရောက်ကတည်းက ကျုပ်တို့သည်ကိစ္စ ဉာဏ်ဆိုတာ ကလည်း ပင်ကိုဒုက္ခသစ္စာ၊ ဒါလောက်သိရတယ် (မှန်ပါ) ဒုက္ခဖြစ်တော့ ဒီအထဲမှာ ပါတာက နှိပ်စက်ဖျက်ဆီးတာတွေ မသိရပေဘူးလား (သိရပါတယ်) သိရတာက ဘာဉာဏ်ခေါ်ကြမယ် (ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်ဖြစ်ပြီးသကာလ နေတော့ ကိစ္စဉာဏ်သန်ရင် ကတဉာဏ်ဖြစ်ရမယ် (မှန်ပါ) မနီးဘူးလား . . . (နီးပါတယ်) ကတဉာဏ်ဆိုတာ မဂ်ဉာဏ်ကိုဆိုတာ (မှန်ပါ)။

## ဘယ်သူ့ကြောင့်ပျက်စီးရပါလိမ့်

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ကို ယနေ့ညဟောနေတာက ဟောဒါ ဒုက္ခသစ္စာလို့ ဟောတုန်းက သစ္စဉာဏ် . . . (မှန်ပါ) ဒီအထဲမှာ ဝိပရိဏာမ လက္ခဏာကလေးတွေ ဇရာ မရဏဒဏ်ချက်နဲ့ အကုန်ပျက်စီးရမှာတွေဆိုပြီး ခင်ဗျားတို့က ခန္ဓာကိုယ်ထဲမှာ ကြည့်ကြည့်ပေးလိုက်စမ်းပါ . . . နော် (မှန်ပါ) ကြည့်ကြည့်ပေးလိုက်တော့ ရုပ်ဓမ္မကလေးတွေကလည်း ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ ပျက်စီးသွားတာပဲ၊ ပျက်စီးသွားတော့ အင်း. . . ဘယ်သူ့ကြောင့် ပျက်စီးပါလိမ့် မတုံးဆိုတော့၊ သူယူလာတဲ့ ဇရာ သူယူလာတဲ့ မရဏကြောင့် သေရရှာတယ် ကြေရရှာတယ် မဆိုနိုင်ဘူးလား . . . (ဆိုရပါတယ်)။

## ဖျက်ဆီးမှုကြောင့်ပျက်စီးမှုကြုံတာ

ဆိုနိုင်တော့ ဒါတွေ ဉာဏ်ကစိုက်ပြီး သကာလထားတော့ အလိုလို ပျက်ဆိုတဲ့ ဒိဋ္ဌိကောလာသေးရဲ့လား . . . (မလာပါဘူး) မလာဘူး ဇရာ မရဏတို့၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုကြုံတာ (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်သူဖျက်ဆီးမှုကြောင့် ပျက်စီးမှုကြုံရသလဲ . . . (ဇရာ မရဏ ဖျက်ဆီးမှုကြောင့်ပါဘုရား)။

အဲဒီတော့ လက်သည်နဲ့တကွ ပျက်စီးခံရတဲ့တရားကို လက်သည်လည်း မြင်ရတယ်၊ ခံရတဲ့ဓမ္မလည်း ကျုပ်တို့ဉာဏ်ထဲမှာ ရှင်းတယ်ဆိုတော့၊ လက်သည်ရော ခံရတဲ့ဓမ္မရော နှစ်ခုစလုံးရှင်းတော့၊ လက်သည်နဲ့ ဓမ္မကလည်း အတူတူလာတာဖြစ်နေတော့၊ လက်သည်လည်း ဒီခန္ဓာထဲကထွက်တယ်။ မဆိုနိုင်ဘူးလားဗျာ (ဆိုနိုင်ပါတယ်) ကောင်းပြီ ခံရတာလည်း ဒီခန္ဓာကပဲ ခံရရှာတယ်။ ဒီခန္ဓာထဲက လက်သည်နဲ့ ဒီခန္ဓာကြီး အသက်ထွက်ရတယ် မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

ဒါဖြင့် ဒီဥစ္စာသည် ဝိပရိဏာမဋ္ဌေဆိုတဲ့ ဖောက်ပြန်တဲ့ သဘောဟာ အလိုလိုဖောက်ပြန်တဲ့ သဘောရောက်သေးရဲ့လား (မရောက်ပါဘူး) ဇရာ မရဏတို့ကြောင့် ဖောက်ပြန်ပျက်စီးရတယ်ဆိုတာ အားလုံး ဒကာ ဒကာမတွေ ရှင်းဖို့ပဲ မဟုတ်လား . . . (ရှင်းပါတယ်ဘုရား)။

ကဲ-ဝေဒနာတစ်လုံးတည်းရှုလည်း ဒါနဲ့ရှု၊ သညာတစ်လုံးတည်းရှုတော့ . . . (ဒါနဲ့ ရှုရပါတယ်) ကာယာနုပဿနာဆိုတဲ့ ရုပ်ရှုရင်ကော (ဒါနဲ့ရှုရပါမယ်) ဒါနဲ့ပဲရှု၊ ဒါနဲ့ ရှုပေးလို့ရှိရင် ကိစ္စဉာဏ်နဲ့ ရှုပေးနေလို့ရှိရင်၊ အားလုံး ဒကာ ဒကာမတွေ မိမိခန္ဓာကြီးဟာ ဝိပရိဏာမဖောက်ပြန် ပျက်စီးခြင်းကိစ္စမှတစ်ပါး ဘာကိစ္စရှိသေးသတုံးလို့မေးလို့ရှိရင်ဖြင့် ဘာကိစ္စမှမရှိဘူး၊ ဖောက်ပြန်ပျက်စီးသွားတာပဲ ပျက်စီးခြင်းကိစ္စပဲရှိတယ် သဘောကျပလား . . . (မှန်ပါ)။

## ပျောက်အောင်လုပ်လို့ပျောက်သွားတာ

ပျက်စီးခြင်းကိစ္စရှိတယ်လို့ ခင်ဗျားတို့ဉာဏ်က ကြည့်လိုက်တဲ့အခါကျတော့၊ ပျောက်ပျောက်သွားတာမြင်လို့ရှိရင် အလိုလိုပျောက်တာမဟုတ်ဘူး၊ ပျောက်အောင်လုပ်တဲ့ တရားက ပျောက်အောင်လုပ်လို့ ပျောက်သွားတာပဲ၊ မဆိုနိုင်ကြဘူးလား. . . (ဆိုနိုင်ပါတယ်) ဒကာသိုက်တို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) နောက်က ဒကာမတွေကော (ဆိုနိုင်ပါတယ်)။

အလိုလိုပျောက်တာရှိရဲ့လား . . . (မရှိပါဘူး) မရှိပါဘူးတဲ့ အလိုလို ပျောက်သွားတာတစ်ခုမှမရှိဘူး၊ ပျောက်သွားတယ်ဆိုလို့ရှိရင်ဖြင့် လေတိုက်၍ သော်လည်းကောင်း၊ သူခိုး ခိုး၍သော်လည်းကောင်း ဆိုတဲ့လက်သည်တော့ ရှာရမှာပဲ . . . (မှန်ပါ) မရှာရပေဘူးလား (ရှာရပါတယ်)။

တနည်းအားဖြင့် သူ့ကိုက ပျောက်စရာပါလို့ ပျောက်သွားတာပဲ အစရှိသည်နဲ့၊ ဥပမာ - ပရုပ်လုံးတို့ ဘာတို့ကျတော့ ထားလိုက်သည်နဲ့ တစ်ပြိုင် နက်တည်း အလုံးကလေးက သေးသေး သေးသေးသွားတယ်၊ သူ့ထဲ ပျောက် စရာက ပါသကိုးဗျ (မှန်ပါ) ပျောက်စရာကပါတော့ ပရုပ်လုံးကလေးဟာ ကြီးကြီးကြီးရှိသေးရဲ့လား (မရှိပါဘူး) ထားတုန်းကလိုမရှိတော့ဘူး၊ ဘာလို့တုံး ဆိုတော့ ပျောက်စရာပါလို့ (မှန်ပါ) သူ့ပျောက်စရာကြောင့် သူပျောက်တာ (မှန်ပါ)။

## ပျောက်စရာပါလို့ပျောက်တာ

ဒီမှာလည်း ခန္ဓာကြီးက ဘယ်လိုဆိုကြမယ် . . . (သူ့ပျောက်စရာပါ လို့သူပျောက်တာပါ) အဲ . . . ပရုပ်လုံးပျောက်နည်း (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဩော် . . တို့ ခန္ဓာကြီး ဆုတောင်းပြီး လူဖြစ်ချင် နတ်ဖြစ်ချင် ဗြဟ္မာဖြစ် ချင်လို့၊ ဒါနသီလတွေ လုပ်ပြီးသကာလ အမျိုးမျိုးဆုတောင်းကြတာ ဖြစ်ချင်လို့ ရှိရင်ဖြင့် ပျောက်တာယူပြီးသကာလ လာဖို့အကြောင်းဟာ ရှေးအကြောင်း (မှန်ပါ)။ ကျုပ်ဖြစ်ရလို့ရှိရင်ဖြင့် ပျက်စီးခြင်းအကြောင်း ကျုပ်ဟာကျုပ် ယူခဲ့ ပါတယ်ဆိုတဲ့ အဓိပ္ပါယ် မပါဘူးလား ပါသလား . . . (ပါပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီခန္ဓာကြီးကို ဘုရားအဆူဆူစွန့်ချင်တာ ဘယ်သဘောတုံးဆိုတော့ ဒီကိစ္စဖြစ်လို့ . . . ရှင်းပလား . . (ရှင်းပါပြီ)။

## ဖောက်ပြန်ခြင်းကိစ္စရှိတယ်

ဒကာ ဒကာမတို့ ဘာကိစ္စရှိသတုံး ခန္ဓာငါးပါးထဲမှာ . . . ဖောက်ပြန်ခြင်းကိစ္စရှိတယ် (မှန်ပါ)။

ဘာကိစ္စရှိပါလိမ့် . . . ? (ဖောက်ပြန်ခြင်းကိစ္စရှိပါတယ်) ဘယ်သူ့ကြောင့် ဖောက်ပြန်တာပါလိမ့် . . . (ဇရာ မရဏကြောင့် ဖောက်ပြန်တာပါ)။

အဲဒါက ယခုတော့အပြောတရား. . .၊ ခင်ဗျားတို့ ကိုယ်တိုင် အလုပ်ထိုင်ကြည့်လို့ရှိရင် သူကသေသေချာချာပြောမယ်၊ သူကဓမ္မကိုးဗျ (မှန်ပါ) ဒီအနုပဋိပတ္တိသာလိုက်ပေး၊ မလိုက်သင့်ဘူးလား. . . (လိုက်သင့်ပါတယ်ဘုရား)။

လိုက်သင့်လို့ရှိရင် ဒီဥစ္စာ ဘုရားကဟောတယ်၊ ဘုရားက မဟုတ်တာကို ဘယ်တော့မှ မဟောဘူး၊ ကျုပ်တို့ကသာ အကြည့်မှန်လို့ရှိရင် သူ့ပင်ကိုသဘောတွေ့ရမှာပဲ၊ မတွေ့ရဘူးလား . . . (တွေ့ရပါတယ်) ဇရာ မရဏလက်ချက်နဲ့ ဒါကလေးတွေ တွေ့ရမယ်ဆိုတာကော ငြင်းဖို့လို သေးသလား . . . (မလိုပါဘူး)။

## ထမင်းစားချင်တဲ့စိတ်

အဲဒီကဲ့သို့ ခင်ဗျားတို့ကြည့်လိုက်တော့ မယုံရင် ခင်ဗျားတို့ဟော . . ထမင်းစားချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ပဌမစားချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ဖျပ်ဆို ဒါကလေးချုပ်ပြီး ဒီဘက်က ဟင်းနဲ့ စားချင်တဲ့စိတ်မပေါ်ဘူးလား (ပေါ်ပါတယ်) နောက်ကျတော့ ဟိုဘက်ကဟင်းနဲ့ စားချင်တဲ့စိတ်ကော (ပေါ်ပါတယ်) ပေါ်လာတော့ အရင်စိတ်ကလေးတွေ ဘယ်ရောက်ပါလိမ့်မတုံးလို့မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ (ချုပ်ပျောက်သွားပါတယ်) ပျောက်ပျောက်သွားတယ်၊ အလိုလိုပျောက်တာလား . . . အလိုလိုတော့ ပျောက်တာမဟုတ်ပါဘူးတဲ့ (မှန်ပါ၊ ဇရာ မရဏကြောင့်ပါ) ဇရာ မရဏပါတယ်၊ သူ့ဇရာနဲ့သူ သူ့မရဏနဲ့သူ ရှင်းပလား . . . (ရှင်းပါပြီ)။

သူ့ဇရာနဲ့ သူ့မရဏနဲ့ နှိပ်စက်ချလိုက်တော့ ပဌမစားချင်တဲ့စိတ်က လည်း စားချင်ဆဲ မတ္တနဲ့ပဲ ဘာဖြစ်ရသလဲ (ပျောက်ရပါတယ်) ဒုတိယစားချင် တဲ့စိတ်ဟာ စားချင်တဲ့မတ္တနဲ့ပဲ ပျောက်ရတယ် (မှန်ပါ) တတိယစားချင်တဲ့ မတ္တစိတ်ဟာ (စားချင်ဆဲမတ္တနဲ့ ပျောက်ရပါတယ်) အဲဒီပျောက်တာကလေးကို ခင်ဗျားတို့ ပျောက်တယ် ပျောက်တယ်လို့ သိနေရမယ် (မှန်ပါ) ပျောက်တာ ကတော့ ခန္ဓာကိုယ်ထဲမှာ သူပေါ်တဲ့နေရာ ပျောက်မှာပဲ (မှန်ပါ) ပျောက်တာကို ဒီကသိတယ် လိုက်ပါ . . . သဘောပါပလား (မှန်ပါ)။

## ပျောက်တာကသူ့ကိစ္စ

ပျောက်တာကို ခင်ဗျားတို့က ပျောက်ပြီလို့သိပေး၊ ပျောက်ပြီလို့ သိပေး တော့ကို ပျောက်တာသည်ကားလို့ဆိုရင် ဘာတုံးဆိုလို့ရှိရင်ဖြင့်၊ ဩော် . . . ဇရာ မရဏ ဒဏ်ချက်နဲ့ အသက်ထွက်သွားပြီလို့ ခင်ဗျားတို့က သိတော့၊ သိတာက ကိစ္စ ဒါက ဉာဏ်၊ သဘောကျပလား . . . (ကျပါပြီ) ပျောက်တာက သူ့ကိစ္စပဲ (မှန်ပါ) သိတာက (ဉာဏ်ပါဘုရား) ဒါဖြင့် ဒီကကိစ္စ ဒီကဉာဏ် (မှန်ပါ၊ ကိစ္စဉာဏ်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## သိတာကဉာဏ်

ပျောက်တာက ဘာပါလိမ့် . . . (ကိစ္စပါဘုရား) သိတာက (ဉာဏ်ပါ ဘုရား) အဲဒီတော့ ကိစ္စ + ဉာဏ် . . . မနဲ့ အိနဲ့ ပေါင်းတော့ (မ + အိ) မအိ ပေါ့ဗျာ (မှန်ပါ) ရိပ်မိပလား . . . ကလေးတွေ စာဖတ်သင်သလိုပဲ ခင်ဗျားတို့ ကိုလည်း ဝိပဿနာ နေရာကျတော့ကကြီး ခကွေးကစရတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ပျောက်တာက ဘာတုံး . . . (ကိစ္စပါဘုရား) သိတာက (ဉာဏ်ပါ ဘုရား) ပေါင်းလိုက်တော့ (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ဆိုတာ ဒကာ ဒကာမတွေ စာလိုသာသုံးနေပြီး ခင်ဗျားတို့ကို ဒီလိုမပြောရင် ဘယ့်နှယ်မှ ဉာဏ်ရှင်းနိုင်မှာ မဟုတ်ဘူး (မှန်ပါ) ရှင်းနိုင်ပါ့ မလား . . . (မရှင်းနိုင်ပါဘူး) မရှင်းနိုင်ဘူး၊ ကိစ္စဉာဏ်ဆိုတာကိစ္စနဲ့ ဉာဏ်နဲ့ ကိုတွဲနေတယ်၊ ဦးဘကြည် မတွဲဘူးလား (တွဲပါတယ်)။

## ကိစ္စနဲ့ဉာဏ်နဲ့တွဲနေတာ

အဲဒီတော့ ကိစ္စနဲ့ ဉာဏ်နဲ့ တွဲနေတာမှာ ကိစ္စက ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ဖောက်ပြန်ပျက်စီးမှုကိစ္စ (မှန်ပါ) သိရမှာက ဉာဏ် (မှန်ပါ) ဒါဖြင့် သူကကိစ္စ, သူက ဘာတုံး (ဉာဏ်ပါဘုရား) ပေါင်းလိုက်တော့ (ကိစ္စဉာဏ်ပါဘုရား) ကိစ္စ ဉာဏ်ခင်ဗျားတို့ သိသွားတယ်၊ ကိစ္စဉာဏ်ရသွားတဲ့အခါကျတော့ ဩော် . . . ကိစ္စဉာဏ်ရတယ်ဆိုရင်ပဲ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, ဉာဏ်ဘယ် နှစ်ဉာဏ်တုံး (သုံးဉာဏ်ပါဘုရား)။

## ကိစ္စဉာဏ်ဆုံးရင် ကတဉာဏ်

ကောင်းပြီ ဒါဖြင့် ကိစ္စဉာဏ်ဆုံးရင် ခင်ဗျားတို့ ဘယ်ဉာဏ်ရောက်မယ် ထင်သတုံး . . . (ကတဉာဏ်ပါဘုရား) ကတဉာဏ်ဟာ ဆုတောင်းလို့လား ဒီဒုက္ခသစ္စာကြီးကို သေသေချာချာ ဒုက္ခလို့ ပိုင်းခြားလိုက်တာနဲ့ သူကပျောက် ကွယ်သွားတယ် (မှန်ပါ) ပျောက်သွားတဲ့အခါ ဒုက္ခချုပ်တဲ့နေရာ နိရောဓ မလာပေဘူးလား (လာပါတယ်) နိရောဓမြင်တဲ့ဉာဏ်ကျတော့ ငါကိစ္စပြီးပြီလို့ ဒါမြင်တာပဲဆိုတော့ ဒါကပြုပြီးသား . . . မရှိတာကပြုပြီးသား၊ ဒီကဉာဏ် ဟုတ်လား (မှန်ပါ)။ ကိစ္စပြီးပြီးသားကို သိတဲ့ဉာဏ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင် ပါတယ်) ကိစ္စပြီးပြီးသားက နိဗ္ဗာန်၊ နိဗ္ဗာန်သည် ကားလို့ဆိုရင် သူ့အလုပ်ဟာ နောက်ထပ် လုပ်စရာလိုသေးသလား နိဗ္ဗာန်နောက်ထပ်ရဖို့ (မလိုပါဘူးဘုရား) မလိုဘူး၊ နောက်ဟာတွေကလည်း ဒါပဲပြန်ရတာပဲ၊ သကဒါဂါမိမဂ်နဲ့လည်း

ဒါပဲ ပြန်ရတာပဲ၊ အနာဂါမိမဂ်နဲ့ကော (ဒါပဲ ပြန်ရပါတယ်) အရဟတ္တမဂ်နဲ့ ရှာကော (ဒါပါပဲ) ပစ္စဝေက္ခဏာဉာဏ်နဲ့ ရှာပြန်တော့ကော (ဒါပါပဲ) အဲဒီတော့ သူက ကတပြီးပြီးသား (မှန်ပါ) နောက်ကသိတာက (ဉာဏ်ပါဘုရား) ဒါဖြင့် ဒီက ကတ၊ ဒီကဉာဏ် (မှန်ပါ) ဒီလိုသွားရမှာ၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

## ဆုပေးလိုက်ရင်လောကွတ်သာမှတ်

အဲဒီတော့ ဒါဟာ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်အဟွက်မှာဖြင့် ဘုန်းကြီးက ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ရစေလို့ ခင်ဗျားတို့ကို ဆုပေးလိုက်မယ်ဆိုရင် လောကွတ်သာမှတ်၊ စင်စစ်တော့ ပေးရုံနဲ့မရပါဘူး၊ ခင်ဗျားတို့ လုပ်ယူမှရမှာပဲ (မှန်ပါ) ဘယ်သူကပေးပေး ပေးရုံနဲ့ရပ့ါမလား . . . (မရပါဘူး)။

ခင်ဗျားတို့ကလည်း အချောင်သမားတွေဖြစ်နေတော့ ခက်လိုက်တာ . . . ပေးတဲ့ဆုအတိုင်း ပြည့်စုံရပါလို၏ (မှန်ပါ) ခက်လိုက်တဲ့ဖြစ်ခြင်း . . . မရတာကို ပေးနေတော့ သူကလည်း လောကွတ်, ခင်ဗျားတို့ကလည်း အလုပ် မလုပ်ဘဲ ချောင်ချောင်နဲ့ လိုချင်ဆိုတော့ ကိုက်နေကြတာပဲဗျ . . . (မှန်ပါ) ထမင်းမရှိဘဲနဲ့၊ ထမင်းစားသွားပါဦးလားလို့ ဧည့်ဝတ်ကျေအောင် ပြောတဲ့ စကားနဲ့အတူတူပဲ (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) လောကဝတ် ဆိုတာ ထမင်းတော့ မချက်ရသေးပါဘူး၊ သို့သော် စားသွားပါဦးလို့တော့ ပြောတာပဲ ဟုတ်ပလား ဒကာသိုက်ရေ (မှန်ပါ)။

## ကတဉာဏ်ဟာ အလိုလိုပြည့်တယ်

အဲဒါကြောင့် ခင်ဗျားတို့သည် ကိစ္စဉာဏ်ကို ကျကျနနပိုင်ရင် ကတဉာဏ်ဟာ အလိုလိုပြည့်တယ် (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ . . . ဘုန်းကြီး အကြီးအကျယ် ဟောရမှာက ကိစ္စဉာဏ်ပဲဟောရမယ်၊ ကတဉာဏ်ကိုတော့ ဩော်. . . ဒီလို

လုပ်လို့ရှိရင် ကတညုဏ်ကူးမှာပဲကိုးလို့ ခင်ဗျားတို့ သေသေချာချာ မှတ်ပေတော့ (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ကိုင်း ဒါဖြင့်ကိစ္စဉာဏ်ကို ခင်ဗျားတို့ အရေးတကြီးပွားပြီး အရေးတကြီး သိအောင် ဘုန်းကြီးသည် ပြောရမှာပဲ. . . မဟုတ်ဘူးလား. . . (မှန်ပါ) ကိစ္စဉာဏ် မပြောသေးလို့ရှိရင်ဖြင့် ကတညုဏ်ကအလိုလိုလာတဲ့ နိယာမမရှိဘူး၊ ကိစ္စဉာဏ်ကိုပိုင်တဲ့ ပုဂ္ဂိုလ် ကတညုဏ်ရတာပဲ (မှန်ပါ) ကိစ္စဉာဏ်မပိုင်တဲ့ပုဂ္ဂိုလ်ဟာ. . . (မရနိုင်ပါဘူး) ကတညုဏ်ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုသဖြင့် ခန္ဓာငါးပါးမှာသူ့ကိစ္စရှိတယ်၊ ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိတယ်၊ ဒါကိုအတိအလင်း ပြောရတယ် (မှန်ပါ)။ ဦးဘကြည် မပြောရပေဘူးလား (ပြောရပါတယ်)။

## ခန္ဓာမှာဖေါက်ပြန်ပျက်စီးခြင်းကိစ္စရှိတယ်

အားလုံး ဒကာ ဒကာမတွေ ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်) ဒီတရားက အခုဒီကျမှ ခင်ဗျားတို့ ထူးထူးခြားခြား ပြောပေးနေတာ ထူးထူးခြားခြား ပြောပေးနေတာ ဦးခင်မောင်ရ (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် သူ့မှာ ဘာကိစ္စရှိသတုံးမေးရင် ဘယ့်နှယ်ပြောကြမလဲ . . . (ဖောက်ပြန်ပျက်စီးခြင်းကိစ္စ ရှိပါတယ်)။

အဲဒီဖောက်ပြန်ပျက်စီးခြင်းကိစ္စကို ဒီဉာဏ်နဲ့ ခင်ဗျားတို့ ထပ်ပြန် တလဲလဲ ကြည့်ပါ၊ မကြည့်ရင် ရပ့ါမလား . . . (မရပါဘူး) မကြည့်ရင် ခုနင်က မုန်းတာတွေ မလိုချင်တာတွေ ဟုတ်လား၊ ဒါ ဒုက္ခအစစ်ပဲလို့ ပိုင်းခြားတဲ့ ပရိညေယျကိစ္စတွေ လာပ့ါမလား . . . (မလာပါဘူး) ဒါဖြင့် ဘာအရေးကြီး သတုံး . . . (ကြည့်မှုအရေးကြီးပါတယ်) ရှုကြည့်တော့ကိစ္စပေါ်ဖို့ ကိစ္စသိဖို့ သိပ်အရေးကြီးနေတယ် (မှန်ပါ)၊ ကဲ- ဒကာ ဒကာမတွေ ဘာအရေးကြီးတယ် ဆိုတာ သိပလား . . . (ကိစ္စသိဖို့ပါဘုရား) သူ့မှာ ဘာကိစ္စရှိသတုံး၊ ခန္ဓာငါးပါးမှာ ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိပါတယ်။

## ဖောက်ပြန်ပျက်စီးတဲ့ကိစ္စကိုဉာဏ်နဲ့ကြည့်

အဲဒီ ဖောက်ပြန်ပျက်စီးတဲ့ ကိစ္စရှိတိုင်း ရှိတိုင်း သူကတော့ အမြဲရှိနေတာပဲ၊ သူရှိတဲ့ အချိန်မှာ ကျုပ်တို့ဟာ သူဖောက်ပြန် ပျက်စီးပြီးသကာလနေတဲ့၊ သူ့ကိစ္စကို ဒီကနေပြီးသကာလဉာဏ်နဲ့ ကြည့်ကြည့် ကြည့်ကြည့်ပေးပြီဆိုမှ ဖြင့်၊ သြော်. . . ခန္ဓာငါးပါး၏ကိစ္စဟာ ဘာကိစ္စပါလိမ့်မလဲလို့ အထူးမေး မနေနဲ့တော့၊ ဖောက်ပြန်ပျက်စီးတဲ့ ကိစ္စမှတစ်ပါး သူ့မှာဘာကိစ္စမှ မရှိဘူး (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

## မျက်လုံးမှိတ်ပြီးကြည့်ကြည့်ပေးပါ

ဘာကိစ္စရှိသလဲ (ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိပါတယ်ဘုရား) ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိတယ်ဆိုတာ ပြောရုံနဲ့လည်းမပြီး၊ ဉာဏ်ကလေးနဲ့ မျက်လုံးမှိတ်ပြီး ကြည့်ကြည့် ကြည့်ကြည့်ပေးပါ ခန္ဓာထဲမှာ (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ) ကြည့်ပေးလိုက်တဲ့အခါကျတော့ သူမမွှသဘောပဲ ပြောမှာပဲ၊ ဓမ္မက အဓမ္မသဘောတော့ မပြောဘူး (မှန်ပါ) ဓမ္မသဘောကို သူဘယ်လိုပြောမယ်ထင်သတုံး. . . (ဖောက်ပြန်ပျက်စီးပါတယ်)၊ အဲဖောက်ပြန်ပျက်စီးမှုကို သူခဏခဏ ပြောနေမှာပဲ သူကတော့ မပြောပေဘူးလား (ပြောပါတယ်) ပင်ကိုသဘော သူစွန့်နိုင်ရဲ့လား (မစွန့်နိုင်ပါဘူး)။ ဖောက်ပြန်ပျက်စီးတာကို ဘုရားတားလို့ရရဲ့လား (မရပါဘူး)။ ဘုရားကိုယ်တော်မြတ်ကြီးပင် သူတို့ဖောက်ပြန်ပျက်စီးတာနဲ့ ပရိနိဗ္ဗာန်ပြုတော်မူရတယ် (မှန်ပါ) သဘောကျပလား (မှန်လှပါ)။

## အောင်ခြင်းရှစ်ပါး

ဘုရားကိုယ်တော်မြတ်ကြီးဟာ အောင်ခြင်းရှစ်ပါး ကိုယ်တော်မြတ်ကြီး (မှန်ပါ) အပြင်ဘက် ဗဟိဒ္ဓတော့အောင်ခြင်းရှစ်ပါးပဲ၊ အတွင်းက

ကိလေသာတွေလည်း အောင်တော်မူပါတယ်၊ ဒါပေမယ့် ဇရာ မရဏကျတော့ အရှုံးပေးတော်မူရတယ် (မှန်ပါ)။

ဦးဘကြည် ဘာတဲ့တုံး (ဇရာ မရဏကို အရှုံးပေးရပါတယ်) နို့ ကိုယ်တော်ကြီး အောင်ခြင်းရှစ်ပါးဆို ခင်ဗျားတို့ စောစောစီးစီးထဖွင့်ကြတဲ့ အသံခဲ့စက်ဟာ မဟုတ်ဘူးလား (မှန်ပါ) အောင်ခြင်းရှစ်ပါးဆိုတာကို တော်တော် စောစောစီးစီး ထပြီး ဖွင့်ကြတာဗျ။ အသံခဲ့စက်တွေမှာ ဆိုလို့ရှိရင် ဘာဖြစ်လို့တုံးဆိုတော့ အိမ်ရှင်အားပေးတာကိုဗျ (မှန်ပါ) အိမ်ရှင်အားပေးတော့ အောင်ခြင်းရှစ်ပါးစောစောထဖွင့်ကြတယ်။

## ဇရာမရဏဒဏ်ချက်

အဲဒီကိုယ်တော်မြတ်ကြီးဟာ ဒိပြင်ရန်တွေ အောင်တော်မူတယ်၊ ဇရာ မရဏကိစ္စကျတော့ ကိုယ်တော်မြတ်ကြီးဟာ အရှုံးပေးပြီး အင်ကြင်းပင်ပျိုတွေ အောက်မှာ ပရိနိဗ္ဗာန်စံယူတော်မူသွားရတယ် (မှန်ပါ) မခံရဘူးလား (ခံရ ပါတယ်) ဇရာ မရဏ ဒဏ်ချက်နဲ့ ကိုယ်တော်မြတ်ကြီး ဝိညာဉ်ချုပ်တယ်လို့ မှတ်ကြပါ (မှန်ပါ)။

ကိုယ်တော်မြတ်ကြီးကို ဘယ်သူသတ်လို့ရသတုံး . . . (မရပါဘူး) ဒေဝဒတ်က ကျောက်မောင်းဆင်ချတာလည်း ပရိနိဗ္ဗာန်မစံဘူး၊ နာဠာဂီရိဆင် ကို အရက်တိုက်ပြီး အထိုးခိုင်းတာလည်းမရ၊ လေးတွေ မြှားတွေနဲ့ အပစ်ခိုင်း ပြန်တော့လည်း (မရပါဘူး) အောင်တော်မူတယ်၊ ဗျာဓိ ဒဏ်ချက်ကျ တော့ ဝမ်းတော်လျောလို့ ညီတော်အာနန္ဒာကို ရေကြည်အရှာခိုင်းပြီး ဘုန်းပေး တော်မူရတယ် (မှန်ပါ) ဇရာနဲ့ မရဏက အတော်နှိပ်စက်ပြီမဟုတ်လား (မှန်ပါ) အတော်နှိပ်စက်တော့ကို ကိုယ်တော်မြတ်ကြီးသည် ကားလို့ဆိုရင် ဘေးအတန် တန်ရန် အထပ်ထပ်တွေကို ကျော်လွှားပြီးသကာလ လာခဲ့ငြားသော်လည်း ခန္ဓာကို အရှုံးပေးရတယ်၊ ဟုတ်လား . . . (မှန်ပါ) ဇရာ မရဏလည်း ခန္ဓာပဲ

မဟုတ်ဘူးလား (မှန်ပါ) သူနှိပ်စက်တာတွေကလည်း (ခန္ဓာပါပဲ) ခန္ဓာပဲလို့ ဆိုသဖြင့် ကိုယ်တော်မြတ်ကြီးသည် ဇရာ မရဏဒဏ်ချက်နဲ့ အင်ကြင်းပင်ပျို တွေကြားမှာ ပရိနိဗ္ဗာန်စံတော်မူရတယ်ဆိုတာ အားလုံး ဒကာ ဒကာမတွေ ကြားဖူးပါတယ် (မှန်ပါ)။ သဘောကျပလား . . . (ကျပါပြီ)။

အဲဒါကြောင့် သူရှိနေလို့ရှိရင်ဖြင့် မြတ်စွာဘုရားလည်း သူ့ကိုတော့ မအောင်နိုင်ဘူး (မှန်ပါ) အဲဒီတော့ ခင်ဗျားတို့လည်း ဇရာ မရဏ ရှိ-မရှိ မေး (ရှိပါတယ်) အောင်ပါ့မလား . . . (မအောင်ပါဘူး)။

ဘယ်တုန်းကယူလာတာတုံးမေးတော့ ပဋိသန္ဓေနေတဲ့ အချိန်ကစပြီး ဇရာ မရဏစတယ် (မှန်ပါ) အဲဒီကတည်းက ခင်ဗျားတို့ အန္တူးပေးပြီး ထွက်လာ ခဲ့တာ (မှန်ပါ)။

ဦးဘကြည် ဘယ့်နှယ်တုံး (အန္တူးပေးပြီးထွက်လာပါတယ်)။

## ကိုယ်ကိုယ်တိုင်ယူလာခဲ့တာ

ပဋိသန္ဓေရှိကတည်းက သူပါလာတာ (မှန်ပါ) အဲဒီတော့ အန္တူးပေးပြီး ထွက်လာတဲ့ ပုဂ္ဂိုလ်တွေက ဗေဒင်နဲ့တားလိုတား ယတြာတွေနဲ့ တားလိုတား ဗလိနတ်စာတွေနဲ့ တားလိုတားပေါ့ဗျာ . . . (မှန်ပါ) ရပ့်မလား (မရပါဘူး) ဘာဖြစ်လို့တုံး . . . (ပဋိသန္ဓေကပါလို့ပါ) ကိုယ်ကိုယ်တိုင်ယူလာခဲ့တယ် (မှန်ပါ)။

ဦးဘကြည် ဘယ့်နှယ်ဆိုမလဲ . . . (ကိုယ်တိုင်ယူလာခဲ့ပါတယ် ဘုရား)။

ကိုယ်ကိုယ်တိုင် ယူတာကလည်း. . . ကိုယ့်ကြိုးကွင်း ကိုယ်တပ်ပြီး လာခဲ့တယ်၊ ကိုယ့်ဘေးဒုက္ခတွေနဲ့ (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား) လူဖြစ်ရပါလို၏ဆိုရင် ဇရာ မရဏ ကြိုးကွင်းနှစ်ခုကပါခဲ့ပြီ (မှန်ပါ) မပါဘူးလား (ပါပါတယ်)။

ပါတော့ ကိုယ့်ကြိုးကွင်းနဲ့ ကိုယ်လာခဲ့တာ၊ ကျုပ်တို့တော့ ဘယ်သူမှ ဓားကုန် သေနပ်ကုန် မခံပါဘူး၊ ဒီအဓိပ္ပါယ် မပါဘူးလား (ပါ, ပါတယ်ဘုရား) ကျုပ်တို့ဟာနဲ့ ကျုပ်တို့ပဲ ဒုက္ခရောက်အောင်လုပ်ပါတော့မယ်ဆိုတဲ့ဟာ လူဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်းမှာပါ မပါ (ပါပါတယ်ဘုရား)။

## ဇရာမရဏာကငါလိုက်ခဲ့ဦးမယ်တဲ့

အားလုံး ဒကာ ဒကာမတွေ ဒီဆုတောင်းဟာ ခင်ဗျားတို့ဟာ လူဖြစ်ရပါလို၏ဆိုရင်ဖြင့် ဇရာမရဏက ငါလိုက်ခဲ့ဦးမယ်ချည်းပဲ. . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) ခင်ဗျားတို့က လူဖြစ်ရပါလို၏ဆိုရင် ငါလိုက်ခဲ့ဦးမယ်၊ နတ်ဖြစ်ရပါလို၏ဆိုရင်ကော (ငါလိုက်ခဲ့ဦးမယ်) ဗြဟ္မာဖြစ်ရပါလို၏ (ငါလိုက်ခဲ့ဦးမယ်) ဘုရားဖြစ်ရပါလို၏ဆိုတာတောင် . . . ငါလိုက်ခဲ့ဦးမယ် . . . (မှန်ပါ့) ခန္ဓာ့မာရ်အတွက် လိုက်ဦးမှာပဲ ဟိုဘက်ကျတော့မှမလိုက်ဘဲ နေရစ်ခဲ့ဗျာ (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ဒါလိုက်လာတာကို အခုဘုန်းကြီးက ကိစ္စညာဏ်နဲ့ ပြောလိုက်တာလို့ခင်ဗျားတို့ နားလည်သွားတာကိုး (မှန်ပါ့) လိုက်လာပြီဘုရား လိုက်လာပြီဘုရား မကြာတော့ဘူးဘုရာ့ တပည့်တော်တို့ မဆိုနိုင်ဘူးလား ဆိုနိုင်သလား . . . (ဆိုနိုင်ပါတယ်)။

အဲဒီတော့ ဒီခန္ဓာကြီးကိုခင်ဗျားတို့ ဝိပရိဏာမကိစ္စရှိတဲ့ သဘောသတ္တိဟာ ဟုတ်သားပဲ . . ဖောက်ပြန်ပျက်စီးဆိုတာက သရက်သီးဟာမှည့်၊ မှည့်ရာကနေပြီးသကာလ ပုတ်၊ အဲဒီလိုတောင် မဟုတ်သေးဘူး (မှန်ပါ့) ပုတ်တာ ကဖြည်းဖြည်းခြင်းပုတ်သွားလို့ တစ်ခြမ်းကိုလှီးပြီးစားမယ်ဆိုရင်ရသေးတယ် (မှန်ပါ့) ဇရာ မရဏကတော့ အစပျောက်ကို ဖျောက်ပစ်တယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘယ်ဟာကောင်းသတုံး

တစ်ခြမ်းကောင်းရင်ခင်ဗျားတို့ လူ့ဘဝ နတ်ဘဝ တောင်းပါလို့ ဘုန်းကြီးက ဆုပေးသေးတယ်၊ တစ်ခြမ်းကိုကောင်းတာ မဟုတ်ဘူးဆိုတာ သဘောကျပလား (ကျပါပြီ) ဘယ်ဟာက ကောင်းသတုံး . . . (ဘယ်ဟာမှ မကောင်းဘူး) ဘယ်တုန်းက ယူလာခဲ့သတုံး (ဇာတိတုန်းကယူခဲ့ပါတယ်) ဒီဇာတိဆိုတာက နောက်မှပေါ်တာပါ ဟုတ်လား။ ဒီဇာတိဖြစ်အောင် ဘယ်သူကလုပ်သတုံး ဆိုလို့ရှိရင် သင်္ခါရပစ္စယာ ဝိညာဏံ လာမှာပဲ၊ ကံက လုပ်ပေးမှာပဲ (မှန်ပါ့) စေတနာကံက လုပ်ပေးတော့ ဒီစေတနာကံဖြစ်အောင် ဘယ်သူ ကြိုးစားသတုံးလို့မေးတော့ ခင်ဗျားတို့ ကိုယ်တိုင်ကြိုးစားတယ် (မှန်ပါ့) ခင်ဗျားကိုယ်တိုင် ကြိုးစားပြီး ခင်ဗျားတို့ကိုယ်တိုင် ဇရာ မရဏကျအောင် ခေါင်းစင်းပြီး သေပွဲဝင်ရပါလို၏ဆိုတာ ပါ-မပါ (ပါပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ သစ္စာမသိလို့ တောင်းတာ (မှန်ပါ)။

ဦးဘကြည် ဘယ့်နှယ်ဆိုမလဲ (သစ္စာမသိလို့တောင်းတာပါ) ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ရှုံးသေးတယ်လို့ ဆုံးဖြတ်ချက်ချ (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## သစ္စာမသိရင်ရှုံးသေးတယ်

သစ္စာမသိရင် ဘယ့်နှယ်ဆိုကြမလဲ (ရှုံးပါသေးတယ်ဘုရား) ဘာဖြစ်လို့တုံး ကိုယ့်ကြိုးကွင်းနဲ့ကိုယ်လာပြန်သေးတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဦးဘကြည် ဒီဥစ္စာကြမ်းသလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (မကြမ်းပါဘုရား) မကြမ်းပါဘူး. . . မကြမ်းပါဘူး အလုပ်သွားက ဒီအတိုင်းကေန် ရှင်းပလား (မှန်ပါ့) နူတ်သွားက ကြမ်းတယ်ဆိုဦးတော့ အလုပ်တရားက ဒီအတိုင်းလာမှာပဲ (မှန်ပါ့) သို့သော် ခင်ဗျားတို့က အလုပ်တရားမထင်တော့

နှုတ်သွားခပ်ကြမ်းကြမ်း ပြောချင်ပြောလိမ့်မယ် (မှန်ပါ) အလုပ်သွားက ခင်ဗျားတို့ တောင်းတဲ့ဆု ဒါပါ မပါ . . . (ပါပါတယ်)။

ဇရာ မရဏက ကြိုးကွင်းထဲမှာ အိုရပါလို၏၊ သူ့လက်တွင်းမှာ ခေါင်းစင်းပြီး သတ်ခြင်းဖြတ်ခြင်းနဲ့ ကြုံရပါလို၏ မလာဘူးလား လာသလား (လာပါတယ်ဘုရား) လာတော့ ဒကာ ဒကာမတွေ ဘယ့်နှယ့်ကြောင့် ခင်ဗျားတို့ကို ဒီအလာကြီးကို ကြုံချင် ဆုံချင်ပြီးသကာလ ယခုနေကြပါလိမ့် မတုံးဆိုတော့ အမှားတော်ပုံကြီးလွန်းလို့ဘုရား . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ) အမှားတော်ပုံကြီးလွန်းလို့မှတစ်ပါး ဘာဆိုစရာရှိသေးသတုံး (မရှိပါဘူး) ဆိုစရာမရှိတော့လို့ ခင်ဗျားတို့ ယခုတော့ ခင်ဗျားတို့မှားတာ မှားပါစေတော့ ကိုယ့်အမှားကိုယ်သိရင် ကောင်းတယ်နော် . . . (မှန်ပါ)။

## ကိုယ့်အမှားကိုယ်သိရင်ကောင်းတယ်

ကိုယ်အမှားကိုယ်သိရင် ကောင်းတယ်။ အမှားမှမသိတဲ့ ပုဂ္ဂိုလ်ဟာ ရူးနေတဲ့ ပုဂ္ဂိုလ်ဟာ ဆေးရှာတယ်လို့ ထုံးစံမရှိဘူး (မှန်ပါ)။ ဆေးရှာနေတဲ့ ပုဂ္ဂိုလ်ကသာ ဟာ ဒါကြည့်မကောင်းပါဘူး၊ ရှေ့ဒီထက်ဆိုးသွားလိမ့်မယ် (မှန်ပါ) ဟာ . . . စိတ္တဇဆေးရုံရင်လည်း ပို့ပါဦး။ သို့မဟုတ်လည်း မြန်မာ့ရိုးရာ ဆေးနဲ့ သည်းခြေဆေးကလေး ဘာကလေးလုပ်ကြပါဦး. . . ။ နို့မဟုတ် ရှေ့တိုးရင် ခက်ချေရဲ့။ ခင်ဗျားတို့က ဒီအတိုင်းသာဆိုရင် ကိစ္စဉာဏ်မရတဲ့ ပုဂ္ဂိုလ်ဆိုရင် ရှေ့တိုးဦးမှာပဲ . . . (မှန်ပါ) ဒီထက် အထည်ကြီးတဲ့နတ်ဆု တောင်းချင်တောင်းမယ် (မှန်ပါ)။

အဲဒီတော့ နတ်ဆုတောင်း နတ်ထည်ကြီးထဲ ဇရာလည်း များများပါ တယ်။ (မှန်ပါ) မရဏကော (ပါပါတယ်) များများမပါဘူးလား . . . (ပါပါတယ်) အဲ. . . တော်တော့်ကို ရင့်သွားပြီ။ မရင့်ဘူးလား . . . (ရင့်ပါ တယ်)။

## ဒါဘာမသိလို့တုံး

ပြဟ္မာက ဒီထက်အသက်ရှည်သတဲ့ဆိုပြီးသကာလ တောင်းပြန်တော့လည်း ခင်ဗျားတို့ ဒီထက်သည်းခြေရင့်သွားမှာပဲ (မှန်ပါ့) မရင့်ဘူးလား . . . ရင့်သလား . . . (ရင့်ပါတယ်) ဒါဘာမသိလို့တုံး မေးလိုက်တယ် (သစ္စာမသိလို့ပါ)။

သစ္စာတော့ ပြောသံကြားသိတယ်ဆိုဦး။ ယနေ့ တက်လာတဲ့ ဥစ္စာကိစ္စဉာဏ်ကို မသိဘူး . . . (မှန်ပါ့)။

သစ္စဉာဏ်ကြားဘူးတယ်၊ ကိစ္စဉာဏ်ကျတော့ (မသိပါဘူး)။

ဒီနေ့တော့ ကိစ္စဉာဏ်ကို ဆရာဘုန်းကြီးက အဓိကထားပြီး သကာလဟောလိုက်တော့၊ ဩော် . . . သူ့မှာ ဘာကိစ္စရှိသလဲ ဒကာ ဒကာမတို့ခန္ဓာငါးပါးမှာ (ဖောက်ပြန်ပျက်စီးတဲ့ ကိစ္စရှိပါတယ်) ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိတယ် (မှန်ပါ့) သူများကြောင့် နေပူလေပူကြောင့် ပျက်စီးတာလား၊ သူယူလာတာနဲ့ ဖောက်ပြန်ပျက်စီးရတာလား . . . (သူယူလာတာနဲ့ ဖောက်ပြန်ပျက်စီးရတာပါ) သူယူလာတာနဲ့ ဖောက်ပြန်ပျက်စီးရတာ ဘယ်သူ့အပြစ်လို့ဆိုမတုံးဗျာ (သူ့အပြစ်ပါ) ခန္ဓာ၏အပြစ် . . . (မှန်ပါ့)။

## ခန္ဓာ၏အပြစ်သိမှ သစ္စာသိမယ်

ဒါဖြင့် ခန္ဓာ၏အပြစ်ကို ခင်ဗျားတို့ မသိသေးသ၍ ကာလပတ်လုံးသစ္စာကိုဖြင့် ဘယ်နည်းနဲ့မှ သိမယ်မဟုတ်ပါဘူး။ မသိသေးသ၍ ဒါကြီးကပ်ယူလာမှာပဲ. . . (မှန်ပါ့) မယူပေဘူးလား. . . ယူမလား . . . (ယူမှာပါဘုရား)။

ကောင်းပြီ ဒကာ ဒကာမတို့ ဝမ်းလျှောတတ်တဲ့ ဆေးမှန်းမသိလို့ရှိရင်အရသာတော့ ရှိနေမယ်ဆိုရင် ဒီဆေးဖိပြီး စားနေမှာပဲ . . . (မှန်ပါ့) စားလေဝမ်းလျှောလေပဲ. . . ဟုတ်လား (မှန်ပါ့)။ ဒီဥစ္စာသူ့ကြောင့် မထင်ဘူး အစား

များလို့သာထင်တယ်ဆိုပြီး ဒီဆေး ဖိစားတော့ နောက်ထပ်စားရင် သေရုံပဲရှိတော့မှာပဲ . . . (မှန်ပါ့)။

## ကိစ္စဉာဏ်သည်ဝိပဿနာဉာဏ်

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ ယနေ့ဘာကို အဓိက ထားပြီး ဟောသတုံး . . . (ကိစ္စဉာဏ်ဟောပါတယ်)။ ကိစ္စဉာဏ်ပိုင်ရင် ဘယ်ဉာဏ်ရမယ် ထင်သတုံး . . . (ကတဉာဏ်ရပါတယ်) ကတဉာဏ်ဟာ ပစ္စဝေက္ခဏာဉာဏ်ဘဲ. . . (မှန်ပါ့) ကတဉာဏ်ဟာ ပစ္စဝေက္ခဏာဉာဏ်ဘဲ . . . (မှန်ပါ့) ကိစ္စဉာဏ်သည် ဝိပဿနာဉာဏ် (မှန်ပါ့)။

## ကတဉာဏ်ကတော့ပစ္စဝေက္ခဏာဉာဏ်ဘဲ

ကတဉာဏ်ကတော့ (ပစ္စဝေက္ခဏာဉာဏ်ဘဲ) မဂ်ဉာဏ်ဖြစ်သွားတော့ ဩော် . . . မဂ်ဉာဏ်နဲ့ အနီးဆုံးဟောတဲ့ တရားပါလားလို့ ခင်ဗျားတို့ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါတယ်)။

ကောင်းပြီ ခင်ဗျားတို့ ကျုပ်ဥပမာတစ်ခုပြောမယ်၊ ခင်ဗျားတို့ ခန္ဓာငါးပါးဟာ သစ်တုံးကြီးနဲ့တူတယ်နော် (မှန်ပါ့) ဇရာဆိုတာက ဦးဘတင် မြင်ဘူးပါလိမ့်မယ်. . . ဒီသစ်တုံးကြီးကို ဝန်ချီစက်ကြီးနဲ့ လွှဝိုင်းကြီးထဲ ဆွဲပို့တယ်။ ဒီမှာလည်း ဇရာကဆွဲပြီး ပို့တယ်။ မရဏဆိုတဲ့ လွှဝိုင်းကြီးက ဖြတ်ဖြတ်ပစ်တာပဲ (မှန်ပါ့)။ ဘယ်သစ်သား ချန်ထားသေးသတုံး . . . (မချန်ပါဘူး)။ ဆွဲပို့တဲ့ အသားဟူသ၍တော့ဖြင့် အကုန်ဖြတ်ချလိုက်တယ်၊ ကရမက်သား၊ အကျော်သား၊ ကျွန်းသားအစရှိသည်နဲ့ ရွေးသေးသလား မရွေးဘူးလား ဆွဲလာတာဟူသ၍တော့ ဝန်ချီစက်ကဆွဲလာတာကို အကုန်ဖြတ်တာပဲ . . (မှန်ပါ့)၊ ဇရာကဆွဲသမား မရဏကဖြတ်သမား (မှန်ပါ့)။ သစ်တုံးပီပီနေရတယ်လို့ ရှိသေးရဲ့လား . . . (မရှိပါဘူး)။

## ဘယ်စက်ရှုံမျှားကြိုက်သတုံး

ခင်ဗျားတို့ သုံးဆယ့်တစ်ဘုံမှာ လူ့ဘုံမှာလည်း မရဏရှိတာပဲ။ လူ့ဘုံ သစ်စက်ရုံကြီးထဲမှာ ခင်ဗျားတို့ နေချင်လည်း ဆွဲမှာနဲ့ ဖြတ်မှာပဲ၊ သဘောကျ ပလား . . . (ကျပါပြီ)။ နတ်ပြည်သစ်စက်ရုံသွားလို့ အဲဒီမှာ သစ်တုံးဖြစ်ချင်ရင် ကော (ဆွဲမှာဖြတ်မှာပါ)၊ ဗြဟ္မာပြည်စက်ရုံမှာသွားဖြစ်ချင်ရင်ကော (ဆွဲမှာနဲ့ ဖြတ်မှာပါ)။ ဘယ်စက်ရုံများ ကြိုက်သတုံးလို့ မေးကြည့်စမ်း (ဘယ်စက်ရုံမှ မကြိုက်ပါဘူး)။

## ကိစ္စညဏ်ကြောင့်

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်စက်ရုံမှ မကြိုက်တဲ့ဉစ္စာဆိုရင် ကိစ္စညဏ် လာလို့ ပျက်ပေရော့။ ရှင်းပလား (မှန်ပါ့) ဘယ်စက်ရုံကြီးတော့ ကြိုက်သေးသ တုံး (ဘယ်စက်ရုံမှ မကြိုက်ပါဘူး) မကြိုက်တာ ဘာဖြစ်လို့ မကြိုက်တာတုံး . . . (ကတညဏ်ကြောင့်ပါ) မဟုတ်ဘူး။ ကိစ္စညဏ်ကြောင့်. . . (မှန်ပါ့) ကတ မဟုတ်သေးဘူး။ ကတလိုက်ရင် ခင်ဗျားတို့ ဒီအခြေအနေ မဟုတ်တော့ဘူး။ ကိစ္စညဏ်မှာ လုံးပန်းတုန်းရှိသေးတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ . . . သုံးဆယ့်တစ်ဘုံဟာ လွှရုံကြီး တွေလို့ ဘုန်းကြီးက ပြောလိုက်တယ်။ ဘယ်စက်ရုံမှာ ဘာသစ်တုံးဖြစ်ချင် သတုံး . . . (ဘာသစ်တုံးမှ မဖြစ်ချင်ပါဘူး)။

တစ်ခါတည်း မိမိတို့ခန္ဓာကိုယ်ကြီးဟာ နတ်ခန္ဓာကြီးဖြစ်ပြီး ကရမက်တုံး ကြီးကဲ့သို့ မွှေးနေတဲ့ခန္ဓာကြီးဖြစ်စေကာမူပေါ့ဗျာ . . . ချောလိုက်လှလိုက်တာ လွန်လို့ ဖြစ်စေကာမူတဲ့၊ အဲဒီစက်ရုံထဲသွားဖြစ် ဇရာဝန်ချီစက်ကြီးကဆွဲမှာပဲ။ မရဏကဖြတ်မယ် (မှန်ပါ့) ဒီတော့ အကျော်တုံးဖြစ်ရတော့ကော (ဆွဲတာနဲ့ ဖြတ်တာပါပဲ) ကရမက်တုံးဖြစ်ရတော့ကော (ဆွဲတာနဲ့ ဖြတ်တာပါပဲ) ဒီမှာပဲ လမ်းမဆုံးဘူးလား . . . (ဆုံးပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာရှိသ၍ဖြင့် သစ်တုံးပဲ။ သစ်တုံးဟူသ၍ဟာ စက်ရုံထဲ တစ်ရုံရုံတော့ ရောက်ရမှာပဲ။ မရောက်ရပေဘူးလား . . . (ရောက်ရပါတယ်ဘုရား). ဘုံသုံးဆယ့်တစ်ရှိသကိုးဗျ၊ ဘုံသုံးဆယ့်တစ်မှာ ထစ်ရုံရုံမှာ ပုထုဇဉ်အဖြစ်နဲ့ရောက်ရောက်၊ ဟုတ်လား . . . အရိယာအဖြစ်နဲ့ပဲ ရောက်ရောက်၊ ခန္ဓာအဖြစ်နဲ့ ရောက်လို့ရှိရင် ဒီဇရာ မရဏ လက်ထဲမှာ ခေါင်းစင်းပြီးသေမယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် အဲဒီကဲ့သို့ ရှင်းနေတော့ ဒကာ ဒကာမတွေက စဉ်းစားရမယ်။ ဩော် . . . ခန္ဓာ့အပြစ်တော့ တွေ့ပဟေ့ (မှန်ပါ)၊ ခန္ဓာအပြစ်တွေ့ပါပြီတဲ့ . . . ဒီခန္ဓာကြီးသည်ကားလို့ဆိုရင်ဖြင့် သူယူဆောင်လာတဲ့ ဇရာ သူယူဆောင်လာတဲ့ မရဏပဲ . . . သစ်တုံးထဲမှာကို ပါတာပဲ . . . (မှန်ပါ့) မပါဘူးလား . . . (ပါပါတယ်)။

## ခန္ဓာရတဲ့ပုဂ္ဂိုလ်ဘယ်မှာလမ်းဆုံးသတုံး

အဲဒါကြောင့် ဩော် . . . ခန္ဓာရတဲ့ ပုဂ္ဂိုလ်များ ဘယ်များလမ်းဆုံးရှာပါလိမ့်မတုံးမေးရင် ခင်ဗျားတို့ ဖြေတတ်ရောပေါ့. . . ဇရာ မရဏမှာ လမ်းဆုံးတယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဘယ်မှာ လမ်းဆုံးသတုံး (ဇရာမရဏ လမ်းဆုံးပါတယ်) ဇရာ မရဏလမ်းဆုံးတယ်ဆိုတာ ကောင်းကောင်း ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်)။

ဒါဖြင့် ဘာခန္ဓာဖြစ်ချင်သေးတုံး မေးရင် . . . (ဘာခန္ဓာမှ မဖြစ်ချင်ပါဘူး) ဘာဖြစ်လို့တုံး ဒီကိစ္စသိသွားတာကိုး . . . (မှန်ပါ့) ဇရာ မရဏလက်ချက်နဲ့ အသက်ထွက်ရတဲ့ ကိစ္စသိတယ် (မှန်ပါ့) မသိကြဘူးလား ဒကာ ဒကာမတို့ (သိပါတယ်)။

ဘယ်သူဖြင့် သေရှာပြီတဲ့ . . . ဘယ်သူဖြင့်သည်ကားလို့ဆိုရင် ဘယ်နေရာဖြင့် ဒုက္ခရောက်နေသတဲ့ . . . ဇရာဖြစ်နေလို့ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ခန္ဓာကိစ္စဟာတဲ့ . . . (အိုသေခြင်းကိစ္စပါဘုရား)။ ဒါပဲရှိတယ်၊ တောင်းချင်တဲ့ခန္ဓာကို တောင်းပါ ခင်ဗျားတို့။ ခင်ဗျားတို့ တောင်းလို့ရှိရင်တော့ ပြည့်မှာပဲ။ တချို့ဒါန သီလနဲ့ လုပ်ယူလည်းပြည့်မှာပဲ။ တချို့ သမထနဲ့ လုပ်ယူလည်း ပဋ္ဌမစျာန်လုပ် ပထမစျာန်ဘုံတော့ရမှာပဲ။ ဒုတိယစျာန်လုပ် ဒုတိယစျာန်ဘုံရမှာပဲ။ ဒုတိယစျာန်ရအောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်လုပ်မယ်ဆိုရင် . . . ရှင်းပလား . . . (ရှင်းပါပြီ)။

## အတွင်းသားကျတော့ ထူးသေးသလား

အဲဒီတော့ ဘာပဲရရ ဇရာ မရဏ၏ လက်တွင်းကို အပ်ရမှာပဲ . . . (မှန်ပါ့) ခင်ဗျားတို့ကို မပြောပါနဲ့ လေးသင်္ချေနဲ့ . . . ကမ္ဘာတစ်သိန်း ပါရမီဆည်းပူးလာတဲ့ ကိုယ်တော်ကြီးဟာ ဇရာ မရဏကျတော့ သူလည်းလူတိုင်းထဲကလိုပဲ သွားရတယ် (မှန်ပါ့) ဒီပြင်ဟာတော့ အတုမရှိဘူးပေါ့ဗျာ . . . သီလ သမာဓိ ပညာ ဝိမုတ္တိစသည့် ဂုဏ်ကျေးဇူးတွေမှာ ဘယ်သူနဲ့မှ အတုမရှိဘူး၊ အတွင်းသားကျတော့ ထူးသေးသလား . . . (မထူးပါဘူး)။

အတွင်းသားကျတော့ ဘာတုံး . . . (ဇရာမရဏပါပဲ) ဇရာမရဏနဲ့ပဲ ကိုယ်တော်မြတ်ကြီး အင်ကြင်းပင်ပျိုကြားမှာ ပရိနိဗ္ဗာန်စံတော်မူရတယ်ဆိုတာ ခင်ဗျားတို့ ကြားဖူးကြမှာပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

## ခန္ဓာကြောင့်ဖြစ်ရတဲ့အပြစ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာ၏အပြစ်ကိုဖြင့် ယနေ့ ကောင်းကောင်း သိဖို့ကောင်းပြီ (သိပါပြီဘုရား) ခန္ဓာကြောင့်ဖြစ်ရတဲ့အပြစ်၊

သူတစ်ပါးကြောင့်ဖြစ်ရတဲ့အပြစ် ရှိရဲ့လား . . . (မရှိပါဘူး) ခန္ဓာထဲမှာ ပါလာတဲ့ အပြစ် (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်သူအပြစ်ပါလိမ့် (ခန္ဓာထဲမှာပါလာတဲ့ အပြစ်ပါဘုရား) ဘာပါလာသတုံး (ဇရာ မရဏ ပါလာပါတယ်) မှီလိုသာမှတ်ထားလေ ဒကာ ဒကာမတို့ (မှန်ပါ့) မှီမြေထဲက ထွက်လာတာ ကျုပ်မြေမပါချင်ဘူး**ဆို**လို့ . . . (မရပါဘူး) မရနိုင်ဘူး။ ခင်ဗျားတို့ခန္ဓာရအောင် ဆုတောင်းရင် ခန္ဓာထဲက ပါမှာပဲ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ခန္ဓာရအောင်ဆိုပေမယ့် ခန္ဓာမဖြစ်သေးခင် ကိစ္စမရှိဘူး၊ ခန္ဓာရှိရင်တော့ဖြင့် ပါမှာပဲ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ခန္ဓာရှိရင်တော့ သူ့ကိုလွတ် အောင်ဘယ့်နှယ်လုပ်ရုန်းမလဲ ဇရာ မရဏလွတ်အောင် . . . ။ ခန္ဓာရတဲ့ပုဂ္ဂိုလ်မှာ လွတ်ပါ့မလား (မလွတ်ပါဘူး) ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာ ဇရာ မရဏကို ဘယ်လိုလွတ်အောင် ရုန်းကြမယ်ဆိုတာ ခင်ဗျားတို့ ကြံချင်တိုင်း ကြံမရဘူး။ (မှန်ပါ့) ခန္ဓာမရှိမှ အေးမယ်ဆိုရင်တော့ဖြင့် (ရပါတယ်)။

ဒါဖြင့် ဒီခန္ဓာဟာ သက်သက်အနှိပ်စက်ခံဖို့ပေါ်လာတဲ့ ခန္ဓာ (မှန်ပါ့) သေပွဲဝင်မလို့ ဘာတုံး (ပေါ်လာတာပါ)။

## ပလူကောင်တွေ အသေခံထွက်လာတာ

အဲဒီတော့ ခင်ဗျားတို့ပဲစဉ်းစားကြည့်ပါ။ မိုးတွင်းတုန်းက ခင်ဗျားတို့ အားလုံးပဲ မြင်လိုက်ကြပါလိမ့်မယ်။ ပလူကောင်ကလေးတွေ အသေခံထွက်လာတာ (မှန်ပါ့) ဦးဘကြည်ဘာလို့ ထွက်လာတာတုံး (အသေခံ ထွက်လာတာပါ)။ သူ့ဟာသူနေရင် မသေဘူး (မှန်ပါ့)။ ထွက်လာတဲ့အတွက် ကျီးတို့ငှက်တို့၏ စားဖတ်ဝါးဖတ်ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်) ဘာလို့ထွက်လာကြသလဲ . . . (အသေခံထွက်လာပါတယ်)။

ဪ ခင်ဗျားတို့ဆုတောင်းတာလည်း ဘာပါလိမ့် (အသေခံထွက်လာတာပါ) အသေခံထွက်လာတာ၊ အံမာဂျပန်စစ်သားထက် မိုက်ပါသေးသလား . . . (မှန်ပါ့) မမိုက်ဘူးလား။

## ကိစ္စညာဏ်မျက်လုံးနဲ့ကြည့်ရင်

ဂျပန်စစ်သားဟာ အသေခံစစ်သားတွေဆိုတော့ ခင်ဗျားတို့က ဒီကောင်တွေတယ်မိုက်ပါလားကွ၊ ဒီဂျပန်စစ်သားတွေတယ် သတ္တိကောင်းတဲ့ကောင်တွေပဲ၊ ဟုတ်လား . . . ဝေလမင်းသား သင်္ဘောခေါင်းတိုင်ထဲ လက်ပစ်ဗုံးကိုင်ပြီးတော့ ခုန်ချတာကိုးဗျ . . . (မှန်ပါ့) အဲ့ဒီတော့ အသက်ကို အသေခံပြီး မိုက်ပါပေ့ကွာ . . . ညာဏ်မျက်လုံးနဲ့ကြည့်ရင် (မှန်ပါ့)။

ခင်ဗျားတို့လည်း ကိစ္စညာဏ်မျက်လုံးနဲ့ကြည့်စမ်း ဘယ့်နှယ်တုံး မိုက်ပါပေ့ကွာ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်) ဘာဖြစ်လို့ဆိုထိုက်သတုံးဆိုတော့ ဘာဖြစ်ရပါလို၏ဆိုတော့ ဒီအထဲပါလာပြီ ဟုတ်လား၊ ဘာနဲ့ သေခြင်းဆိုးသေရပါလို၏ဆိုတာနဲ့ ဘယ့်နှယ်နေကြသတုံး (ပါပါတယ်) ဇရာ မရဏာနဲ့ အသက်ထွက်ရပါလို၏ ပါ-မပါ (ပါပါတယ်ဘုရား)။

## ကိစ္စညာဏ်ရောက်မှ အမှန်ရောက်မယ်

အဲဒီတော့ ခင်ဗျားတို့လည်း အသေခံစစ်သားထဲမှာ ခုနင်က ပလူတွေလို ဂျပန်စစ်သားလို မတူဘူးလား တူသလား (တူပါတယ်) ဟိုကမိစ္ဆာဒိဋ္ဌိ ခင်ဗျားတို့က သမ္မာဒိဋ္ဌိလည်းဆိုသေးရဲ့ သမ္မာဒိဋ္ဌိ အမှန်ရောက်သေးရဲ့လား (မရောက်ပါဘူး) မရောက်တော့ဘူးဘဲ၊ အဲဒီတော့ ကိစ္စညာဏ်မရောက်သေးရင် သမ္မာဒိဋ္ဌိ အမှန်ကို မရောက်ဘူး (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ကိစ္စညာဏ်ရမှ ဘာဖြစ်မတုံး (သမ္မာဒိဋ္ဌိ အမှန်ရောက်ပါတယ်) နို့မဟုတ် လို့ရှိရင် ဂျပန်စစ်သားနဲ့ ပလူလိုသာမှတ်ပေတော့ အသေခံချည်းထွက်နေမှာပဲ (မှန်ပါ့)။

အဲဒါနဲ့ စဉ်စားကြည့်ကြပါ ဒကာ ဒကာမတို့ ကျုပ်တို့ဖြင့် ဒီဘဝဖြင့် ဒီမျှပဲ. . . နောက်ဘဝဖြင့် ဒီလိုဆင်းရဲတော့ မနေချင်ဘူး၊ ချမ်းသာရအောင် တော့ဖြင့် လုပ်မှပဲဆိုပြီးသကာလ တောင်းလိုက်တဲ့ဆုရှည်ကြီးဟာ ဒါတွေရဖို့ဗျ။ အသေခံဖြစ်ဖို့ အသေခံဖြစ်ဖို့ . . . (မှန်ပါ့)။

တောင်းလိုက်တဲ့ ဆုတွေ ဦးဘကြည် ဘယ့်နှယ်ဆိုကြမလဲ (အသေခံ ဖြစ်ဖို့ပါဘုရား) အသေခံဂျပန်စစ်သားဖြစ်ဖို့မှ တစ်ပါး ဘာရှိသေးသတုံး (ဘာမှ မရှိပါဘူး) ဘာမှ မရှိတော့ ဒကာ ဒကာမတွေက ဩော် တို့သည်ကားလို့ဆိုရင် ကိစ္စညာဏ်မရ၍ မိုက်လုံးကြီးတုန်းပဲ . . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်)။

## အမိုက်လက်စသိမ်းမှတော်တော့မယ်

ဒါဖြင့် ဒကာ ဒကာမတို့သည် ဒီတရားဟာ အားထုတ်ထိုက်သလား မထုတ်ထိုက်ဘူးလား (ထုတ်ထိုက်ပါတယ်) ကိုယ်တိုင်ဇရာ မရဏနဲ့ ပျက်စီး ပျက်စီးသွားတာတွေ၊ ကိုယ့်ကိုယ်ရှေ့ကပျက်တာကို နောက်ညာဏ်က ကြည့်ကြည့် ကြည့်ကြည့် ပေးနေတော့ ဩော် အမိုက်လက်စသိမ်းမှ တော်တော့ မယ်။ သူ့ကို မရမှတော်မယ်၊ ဒီခန္ဓာကြီးကိုမရမှ ကောင်းမယ်။ လာမလား မလာဘူးလား . . . (လာပါတယ်) အမြဲတမ်းဘယ်သူမှ မနှိပ်စက်လည်း သူ့အသက်ထွက်ရုံပါပဲ (မှန်ပါ့) သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, နှစ်ဆယ့်ငါးပါး သောဘေး, ကိုးဆယ့်ခြောက်ပါးသော ရောဂါမလာနဲ့ ကျုပ်ဟာ ကျုပ်သေမယ်။ ကျုပ်ဟာကျုပ် သေမယ်မပါဘူးလား (ပါပါတယ်)။ ရှင်ပါကူလ ဘာနဲ့သေသတုံး . . . (သူ့ဟာသူပါဘုရား) ဆုသာတောင်းရတယ် ရှင်ပါကူ သူယူလာတာနဲ့

သူသေရှာတယ် (မှန်ပါ့) မသေဘူလား။ ဒကာ ဒကာမတို့ (သေပါတယ်ဘုရား) အနာမဲ့ ရှင်ပါကူဆို အဲ့ဒီမှာ သူဘယ်အနာနဲ့ သေသွားသတုံး (ဇရာ မရဏနဲ့ ပါဘုရား)။

နို့ ခင်ဗျားတို့က ဘာဖြစ်လို့ ဒီမရဏဆုတောင်းရတာတုံး သေချင်သေး လို့ပေါ့ပါဘုရား (မှန်ပါ့) ဒိပြင့်ဘာရှိသေးသတုံး (ဘာမှမရှိပါဘူးဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတို့မှာ အရုပ်ဆိုးအကျည်းတန်တာသည် ဘာကြောင့်အကျည်းတန်ဘာလိမ့်မတုံးဆိုတော့ မသိမှုအဝိဇ္ဇာက အုပ်ချုပ်လို့ (မှန်ပါ့) ဒီသိမှု ကိစ္စဉာဏ်ပေးလိုက်တော့ ဩော် ဟုတ်ပါလား အလွဲကြီးလွဲ ကုန်ပေါ့ပဲ. . ။ အသေခံစစ်သားထက် မိုက်ပါသေးလား . . . (မှန်ပါ့) မဆိုနိုင် ဘူးလားဗျာ (ဆိုနိုင်ပါတယ်) ပလူထက်မိုက်ပါသေးလား ပလူဟာ တောင်ဘို့ထဲ နေလို့ရှိရင် အလွတ်သားပေါ့ဗျာ၊ ကျီးတွေလည်း မစားနိုင် (မှန်ပါ့) ထွက်ချင် လိုက်တာလုပြီးထွက်တယ် ပလူတွင်းများ မြင်ဘူးကြတယ်မဟုတ်လား (မြင်ဘူး ပါတယ်) တိုးမထွက်ဘူးလား (တိုးထွက်ပါတယ်) ဘာဖြစ်လို့တုံး (အသေစော အောင်လို့ပါ) ကဲ. . ခင်ဗျားတို့ဆုတောင်းတာလည်း ဘာတုံး (အသေစော အောင်လို့ပါဘုရား) အသေစောအောင်လို့ အကြိမ်ကြိမ်ကိုးဗျ . . . (မှန်ပါ့) ဒီတစ်ကြိမ် မြန်မြန်သေရပါလို၏။ ဟိုတစ်ကြိမ်ပြီးတော့ကော (ဟိုတစ်ကြိမ် မြန်မြန်သေရပါလို၏)။

ဦးဘအုန်း ဘယ့်နှယ်ဖြစ်နေတာတုံး မပြောတတ်ပါဘူးဘုရား (မှန်ပါ့) မပြောတတ်ပါဘူးဆိုတဲ့ အခိပ္ပါယ်နဲ့ ဖြေရုံပဲရှိတယ် . . . (မှန်ပါ့) မပြောတတ် ပါဘူးဆိုတဲ့ဉစ္စာ ဒီဉာဏ်မရှိဘူးပြောတာ (မှန်ပါ့) ဘာဉာဏ်ပါလိမ့်ဗျား (ကိစ္စ ဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်မရှိဘူးလို့ ပြောလိုက်တော့ ရှင်းလို့လင်းလို့ . . . မဟုတ်ဘူး လား (မှန်ပါ့) အဲဒီတော့ ဒီအခြေအနေမှာ ဒီထဲမှာပါတဲ့ လက်နက်နဲ့

အသက်ထွက်ရတယ်။ ဦးချစ်လှ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ် ဘုရား)။

## သူယူလာတဲ့လက်နက်နဲ့ အသက်ထွက်ရတယ်

သူယူလာတဲ့ လက်နက်နဲ့ဘာတုံး. . . (သူအသက်ထွက်ရပါတယ်) မယုံလို့ရှိရင်ကြည့် ဝက်များဟာ အစာကောင်း အခါလည်ကျွေးပါ၊ ကျွေးလေ ဝလေပဲ။ ဝလေ အဆီပိတ်လေပဲ။ သူ့အစားနဲ့သူ ဘာဖြစ်ရသတုံး. . . (သေရ ပါတယ်)၊ ဘယ်သူသတ်လို့ သေပါလိမ့်. . . (သူ့အစားနဲ့သူသေရပါတယ်)၊ သူကအစားများတော့ သူ့အဆီကများတယ်၊ များတော့ သူ အဆီပိတ်ပြီးတော့ သေတယ်. . . (မှန်ပါ့)။

အဲဒီတော့ အဲဒီဝက်ဟာ ဘယ်သူ့လုံချက်မိလို့တုံးလို့ မေးမနေနဲ့ သူ့အဆီနဲ့ သူ့ကိုသတ်တာပဲ. . . (မှန်ပါ့)။

ဒီမှာလည်း ခင်ဗျားတို့ ငယ်ငယ်ကလေးလည်းသေသွားတာပဲ၊ အလတ် စားလည်းသေတာပဲ၊ ကြီးမှလည်းသေတာပဲ. . . ဘာဖြစ်လို့သေကြပါလိမ့် မတုံး အိုသူယူလာတဲ့ လက်နက်နဲ့ သူအသက်ထွက်တာပဲလို့သာ ဆုံးဖြတ်ချက် ချ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ဘယ်သူနဲ့ အသက်ထွက်တာပါလိမ့် (သူယူလာတဲ့လက်နက်နဲ့ သူအ သက်ထွက်တာပါ)။

ဒါဖြင့်ခင်ဗျားတို့ အခုဘယ်အခြေအနေ ဆိုက်နေပြီလဲလို့ မေးလို့ရှိရင် ဖြင့်၊ ကိုယ့်လက်နက်နဲ့ ကိုယ်အပြည့်အစုံပါပြီးသားဖြစ်သောကြောင့်၊ ဒီပုဂ္ဂိုလ် တွေဟာ ဘယ်သူဖြင့် ဘာဖြစ်လိမ့်မယ်လို့ မဆိုပါနဲ့တော့လေ (မှန်ပါ့) ဟုတ်လား မလိုတော့ပါဘူး။ ဒီနေရာတွင်ခင်းဗျားတို့ ဗိုင်းဗိုင်းလဲပြီး သကာလ သေပွဲဝင် ရမှာပဲ။ လူ့ပြည်မှ တစ်ပါး ဘယ်ပြည်များခင်ဗျားတို့ ပြေးပြီးသေချင် သေးသတုံး

ခင်ဗျားတို့. . . (လူ့ပြည်မှာပဲ သေရမှာပါဘုရား) အခုဆုတောင်း ပြည့်ထားတာ လူ့ပြည်မှာ သေပွဲဝင်ဖို့ ဆုတောင်းပြည့်ထားတယ် (မှန်ပါ့) နောက်လည်းခင်ဗျား တို့ ကိစ္စဉာဏ်မရသေးလို့ ဆုတောင်းရင် နောက်မသာချမှု လာရအုံးမှာပဲ . . . (မှန်ပါ့) မသိရင်လာမယ်။ သိလို့ရှိရင် (မလာပါဘူး)။

အဲဒါကြောင့် ဒီပုဂ္ဂိုလ်တွေဟာ. . . ဟိုပြည်သွားပြီးသကာလ တံတွေး ထွေးခံချင်, ဒီပြည်သွားပြီးသကာလ တံတွေးထွေးခံချင်ပါလိမ့်။ မသာဆိုတော့ တံတွေးထွေးကြတာကိုးဗျ။ ဆွေမျိုးတော်တဲ့ လူကသာမထွေးတာ (မှန်ပါ့) ဆွေမျိုးမတော်တဲ့လူကတော့ (ထွေးပါတယ်ဘုရား) ဖွီ-ဖွမ်-အစရှိသည်နဲ့ မတတ်သာလို့ လိုက်ပို့ရတယ် နံလိုက်တာ စော်လိုက်တာလွန်လို့. . . အစရှိ သည်နဲ့ မလာပေဘူးလား လာမလား. . . (လာပါတယ်ဘုရား)။

## ဆုတောင်းတာသေပွဲပြောင်းတာ

အဲဒီတော့ လူ့ပြည်မှာလည်း တံထွေးထွေးခံခဲ့ရပြီ၊ နတ်ပြည်ကျတော့ ဒီထက်ဆိုးမှာပေါ့ (မှန်ပါ့) ဗြဟ္မာပြည်ကျတော့လဲ. . . (ဆိုးမှာပါဘဲဘုရား) ဒါကြောင့် ခင်ဗျားတို့ ဆုတောင်းတာသည်ကားလို့ဆိုရင် သေပွဲပြောင်းတာပဲ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ဆုတောင်းတာဘာပါလိမ့် (သေပွဲပြောင်းတာပါ) ဘယ်ဉာဏ်မရလို့ သေပွဲပြောင်းတာတုံး. . . (ကိစ္စဉာဏ်မရလို့ပါ) သစ္စဉာဏ်အစ၊ ကိစ္စဉာဏ် ကအလယ် ဒါကိုမရဘူး။ မရသ၍ကာလပတ်လုံးဦးဘကြည်ရေ. . . ငါဘုရား လည်း သံသရာလည်ခဲ့တယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီ) မင်းတို့လည်း ဒီဉာဏ်မရသေးလို့ ဘာတဲ့တုံး. . . (သံသရာလည်ခဲ့ရပါတယ်ဘုရား)။ သံသရာလည် ဦးမှာပဲဆိုတော့ ဘုရားက ဒါကိုအဓိကဟောနေတာ (မှန်ပါ့)။

ဘုရားဟောတာ ဒါအဓိကအချက်ပဲ မဟုတ်လား. . . (မှန်ပါ့)၊ ဒီသစ္စာကို မသိခဲ့တဲ့အတွက် ကိုယ်ကျိုးနည်းခဲ့ရတယ်၊ သစ္စာသိတဲ့ တနေ့ကျတော့မှပဲ ဒီဘဝနောက်ဆုံးပဲကွာ နှိပ်စက်ချင်သလောက်နှိပ်စက်လိုက်တော့ နောက်တော့ နှိပ်စက်ရမှာမဟုတ်ဘူးဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီးမှ. . . (ခန္ဓမာရ်ကို အောင်ပါတော့တယ်)။

## ပရိနိဗ္ဗာန်စံပြီးမှအောင်တယ်

နဂိုက အောင်ခဲ့တာတွေက ခန္ဓမာရ်မအောင်သေးဘူး၊ ပရိနိဗ္ဗာန်စံပြီးမှ ခန္ဓမာရ်အောင်ပါတယ်။

အဲဒီတော့ ပရိနိဗ္ဗာန်စံမှ ခန္ဓမာရ်နဲ့မစ္စုမာရ်ကိုအောင်တော့ ဒီပြင်အောင်ခြင်းတွေကို သာအောင်တယ် (မှန်ပါ့) ခန္ဓမာရ်နဲ့ မစ္စုမာရ်ကိုတော့ ပရိနိဗ္ဗာန်စံပြီးမှ အောင်တယ်ဆိုတော့ ဩော်ကိုယ်တော်မြတ်ကြီးတောင် ဇရာမရဏလက်တွင်းမှာပဲ ဒုက္ခရောက်ပြီးသွားရသေးတာပဲ (မှန်ပါ့)။

အဲဒီကဲ့သို့သိထားတော့ ခန္ဓာမရှိမှချမ်းသာမှာပဲဆိုတာ ခင်ဗျားတို့ရဲ့ရဲ တင်းတင်းပဲ မှတ်ရမယ် (မှန်ပါ့) ခန္ဓာရှိရင်နှိပ်စက်မယ့်သူရှိတယ် (မှန်ပါ့) မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## ခန္ဓာမရှိတဲ့ နေရာကိုယ်တိုင်မြင်ရလို့

ခန္ဓာမရှိတဲ့ အခါကျတော့ ခန္ဓာကလည်းမရှိလို့ ဇရာကော (မရှိပါဘူး) ဗျာဓိကော (မရှိပါဘူး) မရဏကော (မရှိပါဘူး) မရှိတော့ ဘာရှိမှာတုံး တပည့်တော်တို့ မီးခိုးကြွက်လျှောက် လျှောက်သလိုပဲ ဒီလိုဖြစ်ရမှာလားလို့ မေးချင်

လည်းမေးလိုက်မှာပေါ့ဗျာ. . . (မှန်ပါ့) မဟုတ်ပါဘူးသေသေချာချာမှတ်ပါ ဒကာ ဒကာမတို့. . . ကတညာဏ်ရောက်တော့ ခင်ဗျားတို့ကိုယ်တိုင် ခင်ဗျားတို့မြင်ပါလိမ့်မယ် (မှန်ပါ့)။ ခန္ဓာမရှိတဲ့နေရာ ကိုယ်တိုင်မြင်ရလို့ ဩော်. . . ဒီနေရာမှာ ဇရာမရဏတို့ မလိုက်နိုင်တဲ့နေရာပါလားဆိုတာ ခင်ဗျားတို့အား ထုတ်ကြည့်ရင်း ခင်ဗျားတို့ ကိုယ်တိုင် တွေ့ရမယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

## သုခနိဗ္ဗာန်လာတယ်

ဒါချုပ်တဲ့အခါမှတွေ့မယ် ဒါချုပ်အောင်ရှုကြည့်ဦး (မှန်ပါ့) ဒါဟာချုပ်ရမှာလား မချုပ်ပဲနေမှာလား. . . (ချုပ်ရမှာပါ) အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှချုပ်ရမယ် ချုပ်လို့ရှိရင် ဒုက္ခချုပ်တဲ့နေရာဘာလာ တယ်ထင်သတုံး. . . (သုခလာပါတယ်) သုခနိဗ္ဗာန်မလာပေဘူးလား (လာပါတယ်) လာတဲ့အခါကျလို့ရှိရင် ကတညာဏ်နဲ့မတွေ့ပေဘူးလား (တွေ့ပါတယ်) သူကဒုက္ခကိုလည်း ပိုင်းခြားတယ်၊ နိရောဓကိုလည်း မျက်မှောက်ပြုဆိုတော့ ဒီဉာဏ်လာရမှာကိုးဗျ။ ကတညာဏ်နဲ့ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်) အဲဒီကဲ့သို့ ဖြစ်တဲ့အခါကျလို့ရှိရင် နိရောဓဆိုတော့ ဩော်. . . ဒုက္ခသာမရှိတာကိုး။ ချမ်းသာတာတော့ရှိတယ်လို့ ဆုံးဖြတ်ချက်ချ(မှန်ပါ)။

## ဒုက္ခသာချုပ်တာ ချမ်းသာအစစ်ရတယ်

ဘာတုံး. . . (ဒုက္ခသာချုပ်တာပါ၊ ချမ်းသာတွေရှိပါတယ်)။ ချမ်းသာကတော့ အစစ်ပဲ. . . (မှန်ပါ) လောကီ ဥပမာ ပြရလို့ရှိရင်ဖြင့် အနာပေါက်တာလည်း ခင်ဗျားတို့ဒီလက်မောင်းပဲ။ ဆေးသမားဝါးသမားကောင်းလို့ ပျောက်တာကော (ဒီလက်မောင်းပါပဲ) သို့သော်ခင်ဗျားတို့သည် အနာရှိသေး

သလားမေးတော့ ဘယ့်နှယ်ပြောသလဲ မရှိဘူးပြောပါ့မလား။ လက်ကော ဘယ်နှယ့်နေသလဲ (ဒီအတိုင်းပြန်ဖြစ်လာပါတယ်) ဒီအတိုင်းပဲ ပျောက်နေတာပဲ (မှန်ပါ့) ဒီမှာလည်း ဒုက္ခတွေအကုန်ပျောက်တယ် (မှန်ပါ့) ဒုက္ခမခံရတော့ပဲ ဒုက္ခငြိမ်းခြင်း (သန္တိသဘောရှိပါတယ်) ဒုက္ခနဲ့ဆက်သွယ်တာတွေ အကုန် ပျောက်တယ် (မှန်ပါ)။ ဒုက္ခနဲ့ မဆက်သွယ်တာကတော့ (ရှိပါတယ်ဘုရား) အဲ. . . နိဗ္ဗာန်ဟာ အတ္ထိပစ္စည်းမျိုး၊ ကေန်ရှိ တကယ်ရှိတယ်၊ ဒုက္ခနဲ့ ဆက်သွယ် တာသာ မရှိတာ (မှန်ပါ)။

## နိဗ္ဗာန်သည် ကေန်ရှိတယ်

ဒုက္ခနဲ့ ဆက်သွယ်တာက ဇရာမရဏနဲ့ဆက်သွယ်တဲ့ ရုပ်နာမ်၊ ဇရာမရဏနဲ့ မဆက်သွယ်တဲ့တရားကတော့ရှိလို့ ဘုရားက ဥဒါန်းပါဠိတော်မှာ ဟောတော်မူတယ် (မှန်ပါ)။

အတ္ထိဘိက္ခဝေ နိဗ္ဗာနံ။ ဘိက္ခဝေ-ရဟန်းတို့၊ နိဗ္ဗာနံ- နိဗ္ဗာန်သည်။ အတ္ထိ-ကေန်ရှိ၏။ ဘုရားကရှိတယ်လို့ ဟောထားတယ် (မှန်ပါ) သဘော ကျပလား. . . (ကျပါပြီ)။

## ကိစ္စညာဏ်ရင့်အောင်လုပ်

အဲဒီတော့ ဘုရားကရှိတယ်လို့ ဟောတော်မူတယ်၊ ခင်ဗျားတို့ ကျုပ် တို့က မယုံဘူးဆိုတော့၊ ဒီကိစ္စညာဏ်ရင့်အောင်လုပ်ပြီးသကာလ ကတညာဏ်ကို ခင်ဗျားတို့ သေသေချာချာမြင်မှာပဲ (မှန်ပါ) သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ အိုတာရှိရင် မအိုတာ. . . (ရှိပါတယ်ဘုရား) နာတာရှိရင် (မနာတာရှိပါတယ်ဘုရား) သေတာရှိရင်. . . (မသေတာရှိပါတယ်ဘုရား) ရှိတာပေါ့ အပူရှိရင် အအေးရှိသေးတာပဲ (မှန်ပါ)။ သဘောကျကြပလား. . . (ကျပါပြီ)။

## ကတညာဏ်ရအောင်လုပ်ရမယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကတညာဏ်ရအောင်လုပ်ကြည့် (မှန်ပါ)။ ဘာဖြစ်လို့ ကတညာဏ်ရအောင်လုပ်ကြည့်လို့ဆိုတော့ ကိစ္စညာဏ် မနှစ်သက်တဲ့ပုဂ္ဂိုလ်ဟာ ကတညာဏ်ရအောင်လုပ်ရမယ် (မှန်ပါ)။

ကိစ္စညာဏ်ဆိုတာ ဒကာ ဒကာမတို့ ခဏခဏ နှိပ်စက်ခံနေရတာ မြင်တာကို ဘာဆိုကြမယ် (ကိစ္စညာဏ်ပါဘုရား) အဲဒါကြီးညာဏ်နဲ့ကြည့်တော့ ဒီသူ့ကိစ္စကိုညာဏ်က ကြည့်ကြည့်-ကြည့်ကြည့်သွားတော့၊ ဒီကိစ္စကြီးကို ကြည့်ချင်လိုချင် ရချင်တဲ့စိတ် လာဦးမလား (မလာပါဘူး) မလာတော့ဘူး၊ မင်းတို့တော့ မရချင်တော့ မလိုချင်တော့ဘူးဆိုတော့ သမုဒယချုပ်-မချုပ် (ချုပ်ပါတယ်) ချုပ်တဲ့အခါကျလို့ရှိရင် ဒီကိစ္စဟာ ပျောက်ရမယ်၊ သဘောကျ ပလား. . . (ကျပါပြီ)။

ဒါဘယ့်နှယ်ကြောင့် ပျောက်သွားသတုံးဆိုတော့၊ မဂ္ဂင်တည်း ဟူသောညာဏ်က မင်းတည်းဟူသောဒုက္ခနဲ့ ငါတော့ မနေလိုတော့ဘူး၊ ဘယ် အခါကာလမှ မကြည့်လည်း မကြည့်လိုတော့ဘူး၊ တွေ့လည်းမတွေ့ချင်ဘူးဆို တော့ သူကတဏှာကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာ (မှန်ပါ) တဏှာချုပ်သွားတော့ သူကျန်နေရစ်သေးရဲ့လား. . . (မကျန်ပါဘူး) မီးပဲသေပေါ့ဗျာ အပူပျောက် အရောင်အလင်းတွေ ပျောက်ရမှာပေါ့၊ သဘောကျပလား (ကျပါပြီ)။ မီးပဲ ပျောက်ပေါ့ အရောင်အလင်းကျန်နေသေးတယ်ဆိုလို့ တော်ပါ့မလား. . . (မတော်ပါဘူး)။

ဒါဖြင့် မီးပျောက်ရင် ဘာပျောက်မလဲ အရောင်အလင်းပျောက်မယ်၊ မီးနဲ့သမုဒယသစ္စာနဲ့တူတယ် (မှန်ပါ) အရောင်အလင်း၊ အပူနဲ့ ဘာနဲ့တူသတုံး (ဒုက္ခသစ္စာနဲ့တူပါတယ်)။

ကဲ သူတို့နှစ်ခုပျောက်သွားတဲ့အခါကျတော့ မီးနဲ့အပူနဲ့ ပျောက်သွားတဲ့အခါကျတော့ အအေးနဲ့ အအေးမြင်တတ်တဲ့သဘောနဲ့ အအေးသတ္တိ မရှိပေဘူးလား. . . (ရှိပါတယ်)။

## အခုမှအေးပြီ ပေါ့

ဒါဖြင့် ဒီဘက်ကသုခ၊ ဒီဘက်က မဂ္ဂမဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ဒါကျတော့ ကတညာဏ်တဲ့၊ ဩော်. . . ကိစ္စပြီးပေပေါ့ ဒုက္ခတွေသိလို့ သမုဒယချုပ်လို့ အခုမှအေးပေပေါ့လို့ မလာဘူးလား လာမလား. . . (လာပါမယ်)၊ ဒါဖြင့် ကတညာဏ်ဆိုတာ ပြီးပေပေါ့ ဒီဒုက္ခနဲ့ဝဋ်ကျွတ်ပေပေါ့လို့ သိတဲ့ဉာဏ် ဘာခေါ်ကြမယ် (ကတညာဏ်ပါဘုရား)။

## ကိစ္စဉာဏ်ကျတော့ ပွားမှရမယ်

ဒါဖြင့် ဒီကတညာဏ်ကိုဘယ်ကနေ ဦးဘကြည်တို့က တက်မှာတုံးလို့ မေးလို့ရှိရင် ဖြေတတ်ကြပလား (ကိစ္စဉာဏ်က တက်ရပါတယ်) ပဌမ ၁-နံပါတ် သစ္စာသိအောင်လုပ်လိုက်, သစ္စဉာဏ် (မှန်ပါ) ဒုတိယအဆင့်ကျတော့ (ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်ကျတော့ပွားမှရမယ်. . . (မှန်ပါ) သစ္စဉာဏ် ကတော့ဆရာဘုန်းကြီးဟောလိုက်ရင်ရမယ် (မှန်ပါ) ကိစ္စဉာဏ်ကတော့ (ပွားမှရပါမယ်ဘုရား)။

ပွားလိုက်တဲ့အခါကျတော့မှ အသားထဲကလောက်ဖြစ်တာတွေ ပျောက်ပျောက် ပျောက်ပျောက်သွားမှာပဲ၊ အဲဒီကဲ့သို့ ပျောက်ပျောက် ပျောက်ပျောက်သွားတာတွေ၊ ဩော်. . . ဇရာမရဏလက်ထဲမှာ ခန္ဓာကြီးအကုန် အသက်ထွက်နေရတာပဲ၊ ရုပ်လည်းအသက်ထွက် နာမ်လည်းအသက်ထွက်၊ အကုန်ပျောက်၊ ဘာမှမကျန်ဘူး၊ အစားထိုးတာလည်း သူ့ဟာနဲ့သူ ပျက်ဦး

မှာပဲ. . . သဘောကျပလား (မှန်ပါ) အစားထိုးဦးမှာပဲ၊ ဒီတော့ ခင်ဗျားတို့ ပစ္စုပ္ပန်လည်း မခင်တော့ဘူး၊ အတိတ်ကောလွမ်းသေးသလား. . . (မလွမ်းပါဘူး)။ အနာဂတ်ကော လာဖို့ရာ ဒါမျိုးလာမှာပဲ. . . လို့ မသိဘူးလား (သိပါတယ်)။

## ကိစ္စဉာဏ်မှာ တဏှာသုံးပါးသေတယ်

အဲဒီတော့ တဏှာသုံးပါးစလုံးမသေဘူးလား(သေပါတယ်) ကိစ္စဉာဏ်မှာ တဏှာသုံးပါးစလုံးသေတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်မှာ တဏှာသုံးပါး သေတဲ့အခါကျလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စဉ်းစားပြီတဲ့ အင်း. . . ရှေ့လည်းမကောင်း နောက်လည်းမကောင်းဘူး အခုလည်းမကောင်းဘူး၊ ခန္ဓာအပြစ်အကုန်ပေါ်တယ် (မှန်ပါ)။

အတိတ်ခန္ဓာကိုလွမ်းသေးသလား (မလွမ်းပါဘူး) ပစ္စုပ္ပန် ခန္ဓာငဲ့သေးသလား. . . (မငဲ့ပါဘူး) အနာဂတ်ခန္ဓာတောင်းသေးသလား. . . (မတောင်းပါဘူး)။ တဏှာသည်အတိတ်ကိုခင်တာရှိတယ်၊ ပစ္စုပ္ပန်ခင်တာရှိတယ်၊ အနာဂတ်ခင်တာရှိတယ်၊ ဒီပြင့်ကာလကို သူခင်စရာရှိသေးရဲ့လား၊ (မရှိပါဘူး) မရှိတော့တဏှာသုံးပါးသေ၊ မသေ. . . (သေပါတယ်ဘုရား)။

## ဥဂ္ဃါသေန၊ ရဟန္တာဖြစ်တယ်

အဲဒါ ဥဂ္ဃါသေနတို့တော့ ဒါဟောယူတာပဲဗျ ရိပ်မိပလား (ရိပ်မိပါပြီ) ဥဂ္ဃါသေနတို့တော့ ဒီတဏှာသုံးပါးသတ်ပြလိုက်တာပဲ (မှန်ပါ) တဏှာသုံးပါးသတ်ပြီးပြတော့အခုပြောခဲ့တဲ့ ကိစ္စဉာဏ်ကိုလည်း ဥဂ္ဃါသေနသည် ရောက်တယ်လို့ထားပါတော့၊ သူမရောက်ဘဲနဲ့တော့ တိုင်ထိပ်ပေါ်တွင်တော့ ဝါး

အတောင်ခြောက်ဆယ်ပေါ်မှာ သူရဟန္တာမဖြစ်နိုင်ဘူး. . . (မှန်ပါ)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ သူဟာကာလ သုံးပါးစွန့်လိုက်တဲ့အတွက် ဝါးထိပ်ပေါ်ကနေပြီး စွန့်လိုက်တာပဲ (မှန်ပါ)။

ဒါဖြင့် သိပ်ကြာကြာလုပ်ရသလားလို့မေးရင် ဘယ့်နှယ်ပြောမလဲ. . . (မကြာပါဘူး) ဟာ. . . သူတို့က မီးခဲပြာဖုံးကိုးဘုရား၊ ဒီလိုလည်းတွေး မနေကြပါနဲ့ (မှန်ပါ) ဒီသာသနာတော်ကြီးနဲ့ ကြုံလို့ ဒီတရားဖြစ်ပြီးသကာလနေမယ်၊ အလုံးစုံအကုန် သစ္စာဟောတတ်တဲ့ ဆရာနဲ့လည်းတွေ့မယ်ဆိုလို့ရှိရင်၊ ခင်ဗျားတို့လည်း မီးခဲပြာဖုံးဖြစ်နိုင်တာပဲ (မှန်ပါ) အခုတွေ့ပြီမဟုတ်လား ကိစ္စဉာဏ် (မှန်ပါ) ကိစ္စဉာဏ်ဆိုတာ ဩော်. . . အရင်တုန်းကတော့ တပည့်တော်တို့က တခြားလားမှတ်နေတယ်၊ တပည့်တော်တို့အလုပ်လုပ်နေတာ ကိစ္စဉာဏ်ကို ခိုင်းထားတာကိုး (မှန်ပါ) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဖြစ်ပျက်ရှုနည်းဟာ ကိစ္စဉာဏ်သင်နေတာ

ခင်ဗျားတို့ကို ဘုန်းကြီးသင်ထားတာသုံးလေးနှစ်ရှိနေပြီ။ အင်း. . . ဖြစ်ပျက်ရှု-ဖြစ်ပျက်ရှု ဖြစ်ပျက်ရှုမှုနေရာကျမယ် ဆိုပြီးသကာလ ဝေဒနာတွေ ရှုနည်းသင်ထား၊ ရုပ်တွေရှုနည်းသင်ထား၊ စိတ်တွေရှုနည်းသင်ထား၊ ကဲ. . . နောက်တော့ခင်ဗျားတို့စိတ်၌ ကြိုက်တာရှုဆိုပြီး သင်ထားတာတွေဟာ ဘာကိုသင်ထားတာတုံးဆိုတာ ယနေ့ပေါ်ပလား. . . (ပေါ်ပါပြီ) ဘာပေါ်တာတုံး. . . (ကိစ္စဉာဏ်သင်ထားတာပါဘုရား) ကိစ္စဉာဏ်သင်ထားတယ်ဆိုတာ ဒကာ ဒကာမတွေရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ကိစ္စဉာဏ်ရင့်သွားရင် ကတဉာဏ်

ဒါဖြင့် ကိစ္စဉာဏ်ရင့်သွားလို့ ဒါမလိုချင်တော့ပါဘူးဆိုရင် ဘာဉာဏ်ဖြစ်မတုံး . . . (ကတဉာဏ်ပါဘုရား) ကတဉာဏ်က ဘယ်ကို အာရုံပြုသလဲသာ မေးပေတော့ (နိဗ္ဗာန်အာရုံပြုပါတယ်)။

ဒါဖြင့် ကိစ္စဉာဏ်က ဒုက္ခကို အာရုံပြုတယ်၊ ကတဉာဏ်က (နိဗ္ဗာန်အာရုံပြုပါတယ်)။

## ကတဉာဏ်က အလိုလိုပေါ်မယ်

ဒါဖြင့် ခင်ဗျားတို့ ပဌမရှေးဦးစွာ ဘုန်းကြီးတာဝန်က သစ္စဉာဏ် . . . ဟုတ်လား (မှန်ပါ့) ခင်ဗျားတို့ တာဝန်က (ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်ပြီးတဲ့အခါကျတော့ ခင်ဗျားတို့က မဂ်ရပါလို၏ ဖိုလ်ရပါလို၏လို့ ဆိုရဦးမှာလား. . . (မဆိုရပါဘူး) ကိစ္စဉာဏ်ကို ဆုံးအောင်လိုက်လိုက်လို့ရှိရင် ကတဉာဏ်အလိုလိုပေါ်မယ် (မှန်ပါ့)။

## ဆရာ့တာဝန် ကိုယ့်တာဝန် ဓမ္မ၏တာဝန်

ဒါဖြင့် ကတဉာဏ်ဆိုတာ အားထုတ်ရမည့် ဉာဏ်လား၊ ပြီးဆုံးပြီလို့ပြောတာလား . . . (ပြီးဆုံးပြီလို့ ပြောတာပါ)။

ဒါဖြင့် ၁-နံပါတ်ဟာ ဆရာ့တာဝန်၊ ၂-နံပါတ်က ခင်ဗျား ကိုယ့်တာဝန်၊ ၃-နံပါတ်က ဓမ္မ၏ တာဝန် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ယနေ့ ဒီတွင် တော်ပါဦး။

သာဓု . . . သာဓု . . . သာဓု။